မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်၊ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ ၁၈ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၁၀)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်
* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်
* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ခန္တီးလေဆိပ်လေယာဉ်ပြေးလမ်းတိုးချဲ့ရေးစီမံကိန်းစစ်ဆေး
မြေဖို့လုပ်ငန်းနှင့်ကျောက်ကတ္တရာခင်းလုပ်ငန်း မိုးရာသီမရောက်မီ တစ်ပြိုင်တည်းလုပ်ရန်မှာကြား
လဟယ်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သင်ကြားမှုသင်ယူမှုအထောက်အကူပြုစာသင်ခန်းများဖွင့်လှစ်ပေး

ရန်ကုန် ဇန်နဝါရီ ၁၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မြန်မာ့လေကြောင်းလေယာဉ်ဖြင့် ထွက်ခွာလာကြရာ စစ်ကိုင်းတိုင်း ခန္တီးလေဆိပ်သို့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✡

ခန္တီးလေယာဉ်ပြေးလမ်းတိုးချဲ့ခြင်းစီမံကိန်း

❒ ခန္တီးလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်း စီမံကိန်းဖြစ်သည့် ပထမအဆင့် ပေ ၅၁၀၀ မှ ဒုတိယအဆင့် ပေ ၅၆၀၀ သို့ ပေ ၅၀၀ တိုးချဲ့ ကျောက်ကတ္တရာခင်း၊

❒ အလျားပေ ၄၂၀၀ ရှိ လေယာဉ်ပြေးလမ်း ဟောင်းပေါ်တွင် အနောက်တောင်ဘက်သို့ အလျားပေ ၅၀၀၊ အရှေ့မြောက်ဘက်သို့ အလျား ပေ ၁၀၀ စုစုပေါင်း အလျားပေ ၄၈၀၀၊ အကျယ် ပေ ၁၀၀ ကျောက်ကတ္တရာခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီး၊

❒ တတိယအဆင့် ပေ ၇၀၀၀ အထိ ဖို့မြေ လုပ်ငန်းကို မိုးရာသီမကျရောက်မီ အချိန်မီ ပြီးစီးအောင် အဓိက ဦးစားပေးဆောင်ရွက်။

ခန္တီးလေဆိပ်လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းလုပ်ငန်းစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် စစ်ကိုင်းတိုင်း ခန္တီးလေဆိပ်လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဇန်နဝါရီ၁၆ ရက်က လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကံတင် ဘီးလင်းရေလှောင်တမံ၏ ရေပေးဝေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ **(သတင်း-၇)** (လယ်ယာ/ဆည်မြောင်း)

မြန်မာ့အလင်း ခေါင်းကြီး၊ သတင်း၊ ဆောင်းပါးအညွှန်း

❒ "သဘာဝဓာတ်ငွေ့များမှာ နိုင်ငံ၏ ရေမြေသယံဇာတ များမှ လုံလုံလောက်လောက် ထုတ်ယူသုံးစွဲနိုင်ပြီ ဖြစ်သဖြင့် သဘာဝဓာတ်ငွေ့ (CNG) သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲမှုကို အချိန် အခါနှင့် အနေအထားအရ ဝိုင်းဝန်းကြိုးပမ်း လုပ် ဆောင်ကြရမည်။" ခေါင်းကြီး (စာ-၂)

❒ "နိုင်ဂျီးရီးယားအမျိုးသမီးတစ်ဦး ခြေလေးချောင်း ပါကလေး မွေးဖွား။" နိုင်ငံတကာသတင်း (စာ-၄)

❒ "ကမ္ဘာအရပ်ရပ် နိုင်ငံအသီးသီးမှာ ကမ္ဘာ့ဗုဒ္ဓ ဘာသာညီလာခံတွေ အသီးသီး အမျိုးမျိုးကျင်းပခဲ့တဲ့ အကျိုးဆက်ဟာ ဗုဒ္ဓဘာသာဝင်တွေ စည်းလုံး ညီညွတ်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ကြရေး၊ အချင်း ချင်း အပြန်အလှန် နားလည်မှုရရှိရေးအတွက် အင်အားတွေ၊ ခွန်အားတွေ ရရှိခဲ့။" ရတနာစည်ဆရာတော်(လှိုင်လင်)၏ ဆောင်းပါး (စာ-၁၀)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

18-1 (01).p65 1 3/24/05, 9:54 PM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

နိုင်ငံတော်၏ ပေါများကြွယ်ဝသော သဘာဝသယံဇာတများကို အသုံးချ မော်တော်ယာဉ်များတွင် သဘာဝဓာတ်ငွေ့ ပြောင်းလဲသုံးစွဲရေး ကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စု မြန်မာနိုင်ငံသည် ရေ၊မြေ သယံဇာတပေါများ ကြွယ်ဝသောနိုင်ငံ ဖြစ်သည်။ မြန်မာ့ကမ်းလွန်ပင်လယ်ပြင်နှင့် ကုန်းတွင်းပိုင်းမှ သုံး၍မကုန်နိုင်သည့် သဘာဝဓာတ်ငွေ့များ ထွက်ရှိလျက်ရှိသည်။

ယင်းကဲ့သို့ အလျှံပယ်ထွက်ရှိလာသော သဘာဝဓာတ်ငွေ့များကို ထိထိရောက်ရောက် အသုံးပြုနိုင်ရန် မြန်မာနိုင်ငံတွင် သဘာဝဓာတ်ငွေ့(CNG)သုံး မော်တော်ယာဉ်ပြောင်းလဲမှုနှင့် သဘာဝဓာတ်ငွေ့ (CNG)ဆိုင် တည်ဆောက်မှုတို့ကို အကောင်အထည်ဖော်လျက်ရှိသည်။

အဆိုပါ သဘာဝဓာတ်ငွေ့ (CNG) တိုးတက်တည်ဆောက်မှုတို့ကို အမှတ်(၂)စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်သုံးစွဲမှုကို ကမ္ဘာ့နိုင်ငံပေါင်း ၆၄နိုင်ငံ၌ အသုံးပြုလျက်ရှိပြီး မော်တော်ယာဉ်ပေါင်း ၃၅သိန်းကျော်တွင် တပ်ဆင်အသုံးပြုလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် သဘာဝဓာတ်ငွေ့ကို မော်တော်ယာဉ်များတွင် တပ်ဆင်သုံးစွဲနိုင်ရန် နည်းပညာကို ၁၉၈၆ခုနှစ်ကပင် ရရှိခဲ့သည်။ ချောက်၊ ရေနံချောင်းနှင့် သမိုင်း၊ အင်းစိန်တို့တွင် ဓာတ်ငွေ့အရောင်းဆိုင်များ စမ်းသပ်ဖွင့်လှစ် အသုံးပြုခဲ့သည်။

ယခုအခါ နိုင်ငံအတွင်း ထော်လာဂျီအပါအဝင် ဓာတ်ဆီနှင့် ဒီဇယ်သုံး ယာဉ်ပေါင်း ၉၄၀၀၀၀ကျော် ရှိနေပြီး ရန်ကုန်တိုင်းတွင် တစ်နိုင်ငံလုံးရှိ ယာဉ်စီးရေ၏ ၅၆ ရာခိုင်နှုန်းကျော် ရှိနေသည်။ ၂၀၀၅ ခုနှစ်တွင် ယာဉ်စီးရေ ၅၂၀၀ကို သဘာဝဓာတ်ငွေ့သုံးယာဉ်အဖြစ် ပြောင်းလဲသုံးစွဲသွားမည်ဖြစ်ကြောင်း သိရှိရသည်။

သဘာဝဓာတ်ငွေ့ အရောင်းဆိုင်တစ်ဆိုင်လျှင် စက်ကိရိယာပိုင်းအနေဖြင့် ဒေါ်လာငါးသိန်းခွဲခန့် နိုင်ငံတော်က ရင်းနှီးမြှုပ်နှံရသည်။ စက်သုံးဆီဈေးနှုန်း မြင့်တက်လာမှုကြောင့် ၁၉၈၆ခုနှစ်က ရရှိထားသော နည်းပညာကို ယခုပြန်လည် အကောင်အထည်ဖော်ပြီး ပလိပ်မြို့၌ စတင်စမ်းသပ်သုံးစွဲခဲ့ရာ ခရီးသည်များ ဈေးနှုန်းတစ်ဝက် သက်သာပြီး ယာဉ်ပိုင်ရှင်များအနေဖြင့်လည်း အကျိုးရှိကြောင်း ကြားသိရသည်။

ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ဓာတ်ငွေ့အိုးများ ထုတ်လုပ်မည်ဆိုပါက စွမ်းအင်ဝန်ကြီးဌာန၏ သုံးစွဲခွင့်ပြုချက်ရရှိမှသာ ထုတ်လုပ်သုံးစွဲခွင့် ရရှိမည်ဖြစ်ပေသည်။ တစ်ဖက်က သဘာဝဓာတ်ငွေ့သုံး ယာဉ်များအဖြစ် ပြောင်းလဲရေး ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း စမ်းသပ်တီထွင်မှုများကို ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်သည်။

မော်တော်ယာဉ်များကို ဓာတ်ဆီနှင့် ဒီဇယ်သုံးယာဉ်မှ သဘာဝဓာတ်ငွေ့ (CNG)သုံးယာဉ်အဖြစ် ပြောင်းလဲမှုကြောင့် လေထုညစ်ညမ်းမှုမရှိခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ သဘာဝဓာတ်ငွေ့သုံးယာဉ်များသည် ဓာတ်ဆီနှင့်ဒီဇယ်သုံး မော်တော်ယာဉ်များထက် မတော်တဆ ဘေးအန္တရာယ်နည်းပါးခြင်း၊ အင်ဂျင်တာရှည် သုံးစွဲနိုင်ခြင်း၊ ဓာတ်ဆီနှင့်ဒီဇယ်ဆီ တဖြည်းဖြည်း စရိတ်ကြီးမြင့်လာပြီး နိုင်ငံအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်ခြင်းမှ လျော့ပါးသက်သာစေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေပေသည်။

သဘာဝဓာတ်ငွေ့များမှာ နိုင်ငံ၏ ရေ၊ မြေ၊ သယံဇာတများမှ လုံလုံလောက်လောက် ထုတ်ယူသုံးစွဲနိုင်ပြီဖြစ်သဖြင့် သဘာဝဓာတ်ငွေ့ (CNG) သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲမှုကို အချိန်အခါနှင့် အနေအထားအရ ဝိုင်းဝန်းကြိုးပမ်းလုပ်ဆောင်ကြရမည် ဖြစ်သည်။

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ဇန်နဝါရီလ ၁၄ရက်နေ့တွင် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်အမှတ်(၀၀၃)(အလုံ)ကို လည်းကောင်း၊ ဇန်နဝါရီလ ၁၅ရက်နေ့တွင် အရောင်းဆိုင်အမှတ် (၀၀၄) (ကျိုက္ကလို့)ကို လည်းကောင်း ထပ်မံဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ ပေါများကြွယ်ဝသော သဘာဝသယံဇာတများကို ထိထိရောက်ရောက် အသုံးချပြီး နိုင်ငံတော်က အလေးထားဆောင်ရွက်ပေးလျက်ရှိသည့် သဘာဝဓာတ်ငွေ့ မော်တော်ယာဉ်နှင့် ဓာတ်ငွေ့ အရောင်းဆိုင်လုပ်ငန်းများ ပိုမိုအောင်မြင်မှု ရှိစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၈–၁–၂၀၀၅
(အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄း၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၅ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Classification of Social Networks (ဒုတိယနှစ်–ပထဝီဝင်အထူးပြု)
၅း၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ မိုးလေဝသသတင်း
၆း၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၄။ လျှပ်တစ်ပြက်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပင်လယ်ကြီးလောက် ချစ်တယ်"** (အပိုင်း–၃၅)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ မြန်မာ့ရှုခင်း
၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိန်းငှက်သူရဲကောင်း"** (အပိုင်း–၃၅)

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် အလယ်တန်းအဆင့် စာစီစာကုံး၊ကဗျာပြိုင်ပွဲများ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၇

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျွမ်းကျင်ပညာရှင်အဆင့်နှင့် အခြေခံပညာကျောင်းများ စာပေအနုပညာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသည့် အခြေခံပညာ အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများကို ယမန်နေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများ၌ တစ်ပြိုင်တည်းကျင်းပသည်။

လှည့်လည်ကြည့်ရှုအားပေး

တက္ကသိုလ်၊ကောလိပ်၊သိပ္ပံ၊ကျွမ်းကျင်ပညာရှင်အဆင့်နှင့် အခြေခံပညာကျောင်းများ စာပေ၊အနုပညာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရေးလုပ်ငန်း ကော်မတီ အတွင်းရေးမှူး အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ညို၊ မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ဦးစီးဌာန တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဟန်နှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် ရန်ကင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတို့၌ ကျင်းပသည့် စာစီစာကုံးပြိုင်ပွဲများကို လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ကျင်းပသည့် ကဗျာပြိုင်ပွဲများကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါ အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် **"နိုင်ငံတော်ကို အစဉ်ကာကွယ်စောင့် ရှောက်နေသော တပ်မတော်"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကဗျာပြိုင်ပွဲတွင် **"သားကောင်းဓာနည် အောင်စစ်သည်"**ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပရာ အခြေခံပညာအလယ်တန်း ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင် ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၇

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ငန်းချောင်းကျေးရွာ အမကမူလွန်ကျောင်းဝင်းအတွင်း၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များက ကြီးကြပ်၍ ကိုယ့်အားကိုယ်ကိုး ပညာရတနာ စာကြည့်တိုက်ဖွင့်လှစ်ရာ စာအုပ်စာနယ်ဇင်းများ အလှူခံစုဆောင်းလျက်ရှိရာ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံမြောက် အနောက်ရပ်ကွက် သီရိဂုဏ်ရည်ခြံ အမှတ် ၄၂/၇နေ စာရေးဆရာ တက္ကသိုလ်ဘုန်းမောင်၊ စာရေးဆရာမ စောသန္တာထွန်း၊ သမီးစောသဥ္ဇာထိုက်မိသားစုက ကိုယ်တိုင်ရေးဝတ္ထုများ၊ ဘာသာပြန်ဝတ္ထုစာအုပ်များနှင့် အခြား စာရေးဆရာတို့၏ဝတ္ထုများ၊ မဂ္ဂဇင်းများ၊ ဂျာနယ်များ စုစုပေါင်းသုတ၊ ရသစာအုပ် ၁၀၀ကို ပညာရတနာစာကြည့်တိုက် ဖြစ်မြောက်ရေးကော်မတီကိုယ်စား Heaven Garden Int'l Travels & Tours Co.,Ltd.က မန်နေဂျင်းဒါရိုက်တာ ဦးဇော်နိုင်သို့ ဇန်နဝါရီ ၁၅ရက်က ပေးအပ်လှူဒါန်းကြောင်းသိရသည်။ **(အပေါ်ပုံ)** **(က–ပ)**

ဗုဒ္ဓပူဇနိယပွဲတော်နှင့် စာအောင်သံဃာ ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၇

အင်းစိန်မြို့နယ်ရွာမ အနောက်ရပ်ကွက် ဘုရင့်နောင်လမ်းမရှိ သဒ္ဓမ္မပါလကျောင်းတိုက်တွင် ဇန်နဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် ၂၄ ရက်နံနက်တွင် လေးကျွန်းထိပ်တင်သိဒ္ဓိရှင်ဆုတောင်းပြည့် ကိုးနဝင်းစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲ တော်ကျင်းပမည်ဖြစ်ပြီး သာသနာ့ဓဇ ဓမ္မာစရိယ၊ ပရိယတ္တိသဒ္ဓမ္မဟိတ ဓမ္မာစရိယ၊သဒ္ဓမ္မဝံသ ဓမ္မာစရိယနှင့် တိပိဋကရေ ရွေးချယ်ပွဲတွင် ဥဘတောဝိဘင်္ဂဓရဘွဲ့ ရရှိတော်မူသော အရှင်ကုသလအား ဂုဏ်ပြု ပူဇော်ပွဲကျင်းပမည် ဖြစ်သည်။ ဇန်နဝါရီ၂၃ ရက် ည ၈ နာရီတွင် (သာသနာ့ဓဇဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ)ဓမ္မဒူတအရှင်ဆေကိန္ဒ၊ ၂၄ ရက် ည ၈ နာရီတွင် မဇ္ဈိမဂုဏ်ရည် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကောဝိဒတို့က နိဗ္ဗာန်ရောက်ကြောင်း တရား ကောင်းများ ဟောပြောပြသ မည်ဖြစ်ရာ တရားနာယူလိုသူများ ကြွရောက်ကြရန် ဝေယျာဝစ္စအဖွဲ့က တိုက်တွန်း နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

နိုင်ငံတော်အတွက်သတ်မှတ်လျာထားချက်များ အပြည့်အဝရရှိရေး လုပ်ငန်းတာဝန်များကို စီမံကိန်းချမှတ်ပြီး အကောင်အထည်ဖော်

ရန်ကုန် ဇန်နဝါရီ ၁၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ၂၀၀၅ခုနှစ် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စက်မှု(၁)လမ်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတက်ရောက်၍ အမှာစကားပြောကြားသည်။

(အပေါ်ပုံ)

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာ၌ ယခု လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ခဲ့သည့် လုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်များကို လေ့လာဖော်ထုတ် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများ၊ အစီအမံများကို တင်ပြဆောင်ရွက်ကြရန်နှင့် လုပ်ငန်းရည်မှန်းချက်အလိုက် ပြည့်မီကျော်လွန်အောင် ဖိဖိစီးစီး ဆက်လက်ဆောင်ရွက်ကြရန် လိုကြောင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် ငွေရေးကြေးရေးကို တာဝန်ယူရသည့်အတွက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်ထွန်းစေရေး၊ နိုင်ငံတော်အတွက် သတ်မှတ်ထားသည့် လျာထားချက်များ အပြည့်အဝ ရရှိစေရေးစသည့် လုပ်ငန်းတာဝန်များကို စီမံကိန်းများ၊ နည်းလမ်းများ ချမှတ်ကာ ဝိုင်းဝန်း အကောင်အထည်ဖော် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုတာဝန်များ ထမ်းဆောင်ရာတွင် ဝန်ထမ်းများအနေဖြင့် ဖြောင့်မတ်မှန်ကန်မှုနှင့် တာဝန်သိမှုတို့သည် အလွန်အရေးကြီးကြောင်းဖြင့် ပြောကြားသည်။

သုံးသပ်တင်ပြ

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့အသေးစား ချေးငွေလုပ်ငန်း၊ မြန်မာ့အာမခံလုပ်ငန်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ပင်စင်ဦးစီးဌာန၊ အခွန်အယူခံ ခုံအဖွဲ့ရုံးတို့မှ ဌာနအကြီးအကဲများက မိမိတို့ဌာနအလိုက် ၂၀၀၄-၂၀၀၅ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအပေါ် သုံးသပ်တင်ပြကြသည်။

ယင်းနောက် ပြည်တွင်းအခွန်များဦးစီးဌာန ပြည်နယ်၊ တိုင်းအခွန်ဦးစီးမှူးများက ဒေသအလိုက် လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်ချက်ဖြင့်မှာကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပထမနေ့အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ဆက်လက်ကျင်းပမည်

ယင်းလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၁၈ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သက်ဆိုင်သူများ သိစေချင်

- ဆွေသားရင်းချာ၊ ခြေကန်ကာဖြင့် တစ်ရွာတစ်ကျေး၊ ပြေးကာခိုမှီ နေရသည်ကြောင့်၊ ခိုမှီရပ်ရွာ ဘာသာအလိုက်၊ လိုက်ထိုက်ကျင့်ကြံ ဆက်ဆံပေါင်းသင်း၊ နေထိုင်ခြင်းဖြင့် လက်ငင်းခြေနေ၊ အဆင်ပြေလျှင် ခြေကန်လေခြင်း၊ စိတ်တွင်းမနာ မုဒိတာပွား၊ မေတ္တာထားလျက် ဒို့များဝမ်းသာနေမှာပါ။
- သူ့ရွာနေခိုက်၊ သူ့စရိုက်ကို လိုက်လိုက်လျောလျော၊ ထိုသဘောသာ မကပါဘဲ၊ ကိုယ့်ရွာပြန်ဆဲ ဆွေမျိုးကွဲအောင်၊ ကြံဆောင်အားထုတ် အသင်လုပ်သော်၊ မသင့်လျော်ဘူး။
- မလျော်အမှု၊ ဘယ်သို့ပြုငြား ဒို့များမျိုးဆွေ၊ မတွေဝေပါ ဆွေညာကိုခွဲ၊ ရွာကိုဆဲ၍ သင်ပဲငရဲကျီးမှာပါ။ ။

ပျိုလွှား

မြန်မာပြည်အနှံ့လွယ်ကူစွာခရီးသွားလာနိုင်ရေး မြန်မာ့ခရီးသွားလုပ်ငန်းဌာနက ခရီးစဉ်များဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၇

မြန်မာ့ခရီးသွားလုပ်ငန်းဌာနသည် ပြည်တွင်းခရီးသွားများ မြန်မာပြည်အနှံ့ လွယ်ကူစွာ ခရီးသွားလာနိုင်စေရန်အတွက် ခရီးစဉ်များကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့စီစဉ်ဆောင်ရွက်ပေးရာတွင် အစုအဖွဲ့လိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ သွားလာနိုင်မည့် ခရီးစဉ်များအဖြစ် ရန်ကုန်-ကျိုက်ထီးရိုး-ရန်ကုန်(တစ်ည/နှစ်ရက်)ခရီးစဉ်၊ ရန်ကုန်-ပုဂံ(ပုပ္ပား)-ရန်ကုန်(သုံးည/လေးရက်) ခရီးစဉ်များကို ပုံမှန်စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါခရီးစဉ်များအပြင် အစုအဖွဲ့လိုက်ခရီးစဉ်များဖြစ်သည့် ရန်ကုန်- မြစ်ကြီးနား(မြစ်ဆုံ)-ရန်ကုန်(နှစ်ည/သုံးရက်)ခရီးစဉ်၊ ရန်ကုန်-တောင်ကြီး- အင်းလေး-ပင်းတယ-ကလော-ရန်ကုန် (လေးည/ငါးရက်)ခရီးစဉ်၊ ရန်ကုန်-ကျိုင်းတုံ-မိုင်းလား-တာချီလိတ်-ရန်ကုန်(လေးည/ငါးရက်)ခရီးစဉ်၊ ရန်ကုန်-စစ်တွေ-မြောက်ဦး-ရန်ကုန်(လေးည/ငါးရက်)ခရီးစဉ်၊ အပန်းဖြေခရီးစဉ်များဖြစ်သည့် ရန်ကုန်-ငွေဆောင်-ရန်ကုန်၊ ရန်ကုန်-ချောင်းသာ-ရန်ကုန်၊ ရန်ကုန်-ငပလီ-ရန်ကုန် စသည့် ခရီးစဉ်များလည်း စီစဉ်ဆောင်ရွက်ပေးနေပြီဖြစ်သည်။

မော်တော်ယာဉ်သာ သီးသန့်ငှားရမ်းသုံးစွဲလိုသူများအတွက် အဆင့်မြင့်မော်တော်ယာဉ်များကို အမျိုးအစားအလိုက် ငှားရမ်းဆောင်ရွက်ပေးနေပြီဖြစ်ရာ အသေးစိတ်သိလိုပါက မြန်မာ့ခရီးသွားလုပ်ငန်းဌာန အမှတ် (၇၇/၉၁) ဆူးလေဘုရားလမ်း ရန်ကုန်မြို့ ဖုန်း-၂၅၂၈၅၉သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ပြီး ယာဉ်သီးသန့်ငှားရမ်းလိုသူများအတွက် ဖုန်း-၆၆၄၄၇၂သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲကြိုးဖြတ်ဖွင့်လှစ်

သဃ်္ဃန်းကျွန်းမြို့နယ် ၁၆/၄ ရပ်ကွက် (၂၄)ကြိမ်မြောက် မဟာဒုက်ပူဇော်ပွဲနှင့် သံဃာတော်များအား အိမ်စဉ်ဆွမ်းကပ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၈ရက်က ကျင်းပရာ ဖြစ်မြောက်ရေးကော်မတီနာယက ဦးလှရှိန်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးထွန်းရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(က-ပ)

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့ နေအိမ်၊ ဝင်းခြံမြေ၊ မီတာဘောက်နှင့်အလှူငွေများလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၇

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ရန်ကုန်မြို့ လှိုင်မြို့နယ် အမှတ် ၅၄၂ ဓမ္မာရုံလမ်း (၁၁)ရပ်ကွက်နေ ဦးမြင့်-ဒေါ်ကြည်မိသားစုတို့က ဆားလင်းကြီးမြို့ အမှတ်(၂)ရပ်ကွက်ရှိ ၎င်းတို့ပိုင်ဆိုင်သော နေအိမ်၊ ဝင်းခြံမြေ၊ မီတာဘောက်နှင့် ငွေလှူဒါန်းပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ရက်က ဆားလင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ ကျင်းပရာ ဆားလင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ထွေးက အမှာစကားပြောကြားပြီး အလှူရှင် ဦးမြင့်-ဒေါ်ကြည်တို့၏သမီး ဒေါ်စပယ် (အလယ်တန်းပြဆရာမ အထက-၃၊ မုံရွာ)က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ထွေးနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက စာကြည့်တိုက်အတွက် ငွေပဒေသာပင်ပေးအပ်လှူဒါန်းကြပြီး အလှူရှင် ဦးမြင့်-ဒေါ်ကြည်တို့၏ သားသမီးများဖြစ်သော ဦးမောင်ပု-ဒေါ်စပယ်မိသားစုတို့က ဆားလင်းကြီးမြို့ အမှတ်(၂)ရပ်ကွက်ရှိ ၎င်းတို့ပိုင်ဆိုင်သော နေအိမ်၊ ဝင်းခြံမြေ၊ မီတာဘောက်၊ စာအုပ်မျိုးစုံ ၉၀နှင့် ငွေကျပ်ငါးသိန်းတို့ကို စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းထံ ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ဝဲပုံ)**

ယင်းနောက် လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းက ကျေးဇူးတင်စကားပြောကြားသည်။ လှူဒါန်းသည့် နေအိမ်၊ ဝင်းခြံမြေ၊ မီတာဘောက်၊ စာအုပ်များအပြင် အလှူရှင်များက ငွေကျပ် ၆၁၆၀၀၀ ကို လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်း လေးမျက်နှာပရဟိတ ငွေလှူပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၇

ဧရာဝတီတိုင်း လေးမျက်နှာမြို့ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာရှိ နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားကလေးများ၏ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးနှင့် လူမှုရေးကိစ္စရပ်များတွင် အသုံးပြုရန် နဝမအကြိမ်မြောက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ရန်ကုန် အကျိုးတော်ဆောင်အဖွဲ့ နာယက၊ အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်း မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၇၇)၏ ပဓာနဦးစီးနာယက ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရက ဦးဆောင်၍ အောင်ဆန်းမြို့ တောရတပ်ဦးကျောင်း၌ ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) မွန်းတည့် ၁၂ နာရီ အချိန်၌ ကျင်းပမည်ဖြစ်သည်။ စေတနာရှင် အလှူရှင်များအနေဖြင့် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်း ဖုန်း-၆၄၃၁၉၆၆သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နှစ်နိုင်ငံနယ်ပယ်ကဏ္ဍများ တိုးတက်စေရန် ရှန်ဟိုင်း၌ ပေါ်တူဂီ ကောင်စစ်ဝန်ရုံးဖွင့်လှစ်မည်

ရှန်ဟိုင်း ဇန်နဝါရီ ၁၆

ပေါ်တူဂီနိုင်ငံက တရုတ်ပြည်မကြီး၌ ယခုနှစ်တွင် ပထမဆုံး ကောင်စစ်ဝန်ရုံး ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပေါ်တူဂီသမ္မတ ဂျော့ဆမ်ပိုင်ယိုက သောကြာနေ့တွင် ရှန်ဟိုင်း၌ ပြောကြားလိုက်သည်။

အဆိုပါကောင်စစ်ဝန်ရုံးကို ရှန်ဟိုင်း၌ ဖွင့်လှစ်မည် ဖြစ်ကြောင်း၊ ယင်းမြို့သည် စီးပွားရေးအချက်အချာကျရာ မြို့ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသို့ သီတင်းပတ်ရက်ရှည် လာရောက်လည်ပတ်သော ပေါ်တူဂီ သမ္မတက စီးပွားရေးဖိုရမ် တစ်ရပ်တွင် ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ပါဝင်

အဆိုပါ ကောင်စစ်ဝန်ရုံး တည်ထောင် ဖွင့်လှစ်ရခြင်းမှာ နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်း၊ သိပ္ပံနှင့်နည်းပညာ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် ပညာရေးစသော နယ်ပယ်ကဏ္ဍများ တိုးတက်လာစေရန်ဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြု ပြောကြားသည်။ ပေါ်တူဂီ ကုမ္ပဏီများသည် နှစ်နိုင်ငံပထဝီအနေအထားနှင့် ယဉ်ကျေးမှု ခြားနားသော်လည်း တရုတ်ဈေးကွက်တွင် မြေစမ်းခရမ်းပျိုးရန် အခွင့်အလမ်းများ ရရှိလာမည် ဖြစ်ကြောင်း ပေါ်တူဂီ သမ္မတက ပြောကြားသည်။ တရုတ်-ပေါ်တူဂီ ကုန်သွယ်မှုသည် ၂၀၀၃ ခုနှစ်က ယူရိုသန်း ၅၂၀ အထိရှိခဲ့ပြီး တရုတ်သည် ပေါ်တူဂီ၏ ထိပ်တန်းတင်ပို့ ရောင်းချရေးနိုင်ငံ ၂၀ တွင် ပါဝင်ခဲ့သည်။

တွန်းပို့

တရုတ်အရှေ့ပိုင်းနှင့် ပေါ်တူဂီတို့အကြား အနာဂတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသည် နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုနှင့် အဆင့်မြင့် ပူးပေါင်း ဆောင်ရွက်ရေးဆီသို့ တိုးမြှင့် ဖော်ဆောင်လိမ့်မည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံရှိ ကွန်ပျူတာ ထုတ်လုပ်ရေး စက်ရုံတစ်ရုံ၌ ထုတ်လုပ်ထားသော ကွန်ပျူတာများကို ဇန်နဝါရီ ၁၆ ရက်က တွေ့ရစဉ်။ (၂၀၁၀ပြည့်နှစ်တွင် ကမ္ဘာ့ပီစီ ကွန်ပျူတာ အသုံးပြုမှုနှစ်ဆဖြစ်လာမည် ဖြစ်ကြောင်း၊ လောလော ဆယ်တွင် ကမ္ဘာ့ကွန်ပျူတာ အသုံးသည် အလုံးပေါင်း ၅၇၅သန်းရှိကြောင်း သိရသည်။)

(ဓာတ်ပုံ-အင်တာနက်)

စားအုန်းဆီဈေးကွက်သစ် မလေးရှား ရှာဖွေ

ပီနန် ဇန်နဝါရီ ၁၆

မလေးရှားနိုင်ငံ၏ စားအုန်းဆီ စုစုပေါင်းတန် ၁ ဒသမ ၃ သန်းအတွက် ဥရောပတွင် ဈေးကွက်သစ်များ မလေးရှားနိုင်ငံက ရှာဖွေသွားမည်ဖြစ်သည်။

ဖြစ်နိုင်စရာ အလားအလာရှိသော ဈေးကွက်များမှာ ပိုလန်၊ ချက်သမ္မတနိုင်ငံနှင့် ရိုမေးနီးယားတို့ဖြစ်ကြောင်း စိုက်ပျိုးရေးလုပ်ငန်းနှင့် လူသုံးပစ္စည်းဝန်ကြီးဌာန ဝန်ကြီး ဒါတွတ်ပီတာချင်ဖာကူက ပြောကြားသည်။

တင်ပို့

လက်ရှိ၌ မလေးရှားနိုင်ငံ၏ စားအုန်းဆီကို အကြီးအကျယ် တင်ပို့ရောင်းချပေးရသောနိုင်ငံများမှာတရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဥရောပသမဂ္ဂနှင့် အနောက်အာရှတို့ ဖြစ်ကြောင်း သတင်းစာရှင်းပွဲ၌ ၎င်းက ပြောကြားသည်။

ဇီဝဒီဇယ်

ထို့ပြင် မလေးရှားအစိုးရသည် နိုင်ငံတွင်း၌ စက်မှုလုပ်ငန်းလောင်စာဆီအဖြစ် အသုံးပြုရန်အတွက် စားအုန်းဆီများကို ဇီဝဒီဇယ်ဆီအဖြစ် ပြောင်းလဲပစ်ရန်လည်း စဉ်းစားလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

အသုံးပြုနိုင်

ဇီဝဒီဇယ်ဆီကို မော်တော်ယာဉ်များ၊ စက်မှုလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အား ထုတ်စက်များတွင် လောင်စာအဖြစ် အသုံးပြုနိုင်ကြောင်း၊ သို့ရာတွင် ဝန်ကြီးအဖွဲ့က ယခုထိမဆုံးဖြတ်ရသေးကြောင်း ၎င်းက ပြောကြားသည်။ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် ဒေသအတွင်း၌ စားအုန်းဆီကို အကြီးအကျယ် ထုတ်လုပ်သည့်နိုင်ငံများ ဖြစ်ကြသည်။ **(အင်တာနက်)**

လွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ်ကိစ္စ ဂျပန်နှင့်မလေးရှားနှစ်နိုင်ငံ ဆွေးနွေးကြမည်

တိုကျို ဇန်နဝါရီ ၁၅

ဂျပန်နှင့် မလေးရှားနိုင်ငံတို့သည် နှစ်နိုင်ငံလွတ်လပ်သော ကုန်သွယ်ရေး သဘောတူစာချုပ်ကိစ္စကို ဆွေးနွေးရန်အတွက် အင်္ဂါနေ့က စတင်ပြီး မလေးရှားနိုင်ငံတွင် ဒုတိယဝန်ကြီးအဆင့် အစည်းအဝေးကို နှစ်ရက်ကြာကျင်းပမည်ဖြစ်ကြောင်း ဂျပန်အရာရှိများက စနေနေ့၌ ပြောကြားသည်။

နှစ်နိုင်ငံသည် စိုက်ပျိုးရေးနှင့် ရေထွက်ကုန်များနှင့် စပ်လျဉ်း၍ ပြီးခဲ့သည့်လ၌ သဘောတူခဲ့ကြပြီး လာမည့်ဆွေးနွေးပွဲသည် မော်တော်ကား သွင်းကုန်များအပေါ် မလေးရှားနိုင်ငံ၏ အခွန်ကောက်ခံမှုကိစ္စရပ်များကို အဓိကဆွေးနွေးမည်ဖြစ်သည်။

မူဝါဒသစ်ကြေညာ

ပြီးခဲ့သည့်လ၌ မလေးရှားအစိုးရသည် မော်တော်ကားများနှင့် ကားအစိတ်အပိုင်းပစ္စည်း သွင်းကုန်များအပေါ် ယခုလမှစပြီး အခွန်နှိမ့်ချကောက်ယူမည့် မူဝါဒသစ် ကြေညာခဲ့ပြီး လူသုံးကုန်ပစ္စည်း အခွန်နှုန်းများကိုတိုးမြှင့်ခဲ့သည်။

အဟန့်အတားဖြစ်

မလေးရှားနိုင်ငံ၏ မော်တော်ကားနှင့်ပတ်သက်သော မူဝါဒသစ်သည် နှစ်နိုင်ငံလွတ်လပ်သော ကုန်သွယ်ရေးဆွေးနွေးပွဲများကို အဟန့်အတားဖြစ်စေခဲ့ကြောင်း၊အဘယ်ကြောင့် ဆိုသော် မလေးရှားနိုင်ငံ၌ တပ်ဆင်သော ကားများအပေါ် အခွန်နှုန်းမြင့်ထားခြင်းကြောင့် မလေးရှားဈေးကွက်သို့ နိုင်ငံခြားမှ မော်တော်ကားထုတ်လုပ်သည့်လုပ်ငန်းရှင်များ ဈေးကွက်တိုးချဲ့ရန် အဟန့်အတားဖြစ်စေခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ဂျပန်အရာရှိများက ပြောကြားသည်။

(အင်တာနက်)

ကလေးငယ်၏ မိဘအမှန်ဖြစ်စေရန် ဒီအင်န်အေစမ်းသပ်မှုဖြင့် ဆုံးဖြတ်ပေး

ကိုလံဘို ဇန်နဝါရီ ၁၆

သီရိလင်္ကာအရှေ့ပိုင်းပြည်နယ်ရှိ ဆေးရုံတစ်ရုံမှ အာဏာပိုင်များက လွှန်ခဲ့သည့် တစ်လက ဆူနာမီ ဘေးအန္တရာယ်မှ အသက်ရှင်ကျန်ရစ်သည့် လေးလအရွယ် ကလေးငယ်တစ်ဦး၏ မိဘများကို ဒီအင်န်အေ စမ်းသပ်မှုဖြင့် အဆုံးအဖြတ်ပေးလိုက်ကြောင်း နိုင်ငံပိုင် ရေဒီယိုက ကိုလံဘိုမြို့၌ စနေနေ့တွင် ကြေညာသည်။

ရောက်ရှိ

ဆူနာမီ တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် နာရီပိုင်းအကြာက မြို့နိုင်းဆေးရုံ သို့ ကလေးငယ်၏ မိခင်သုံးဦး ရောက်ရှိလာကြောင်း အဆိုပါ ရေဒီယိုက ကြေညာသည်။

ခိုက်ရန်ဖြစ်

ကလေးငယ်အား ပိုင်ဆိုင်လိုမှုဖြင့် အမျိုးသမီးများ ခိုက်ရန်ဖြစ်ပွားမှုကို ရပ်တန့်ရန် ရဲအဖွဲ့က သွားရောက်ခဲ့ရကြောင်း ရေဒီယိုက ကြေညာသည်။

ဆုံးရှုံး

ကလေးငယ် ၁၀၀၀နီးပါး သီရိလင်္ကာ၌ မိဘနှစ်ဦး ဆုံးရှုံးမှုဖြစ်ခဲ့ရကြောင်း၊ ၃၀၀၀ ခန့်မှာ မိဘတစ်ဦး ဆုံးရှုံးမှုဖြစ်ခဲ့ရကြောင်း ယူနီဆက်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

နိုင်ဂျီးရီးယား အမျိုးသမီးတစ်ဦး ခြေလေးချောင်းပါ ကလေးမွေးဖွား

လာဂို့စ် ဇန်နဝါရီ ၁၆

နိုင်ဂျီးရီးယား အမျိုးသမီးတစ်ဦးသည် ပုံမှန်မဟုတ်သော ကလေးတစ်ယောက်ကို မွေးဖွားခဲ့ကြောင်း၊ ယင်းကလေးတွင် ယောကျ်ား အင်္ဂါနှစ်ခု၊ စအိုပေါက်မပါဘဲ ခြေလေးချောင်းပါရှိကြောင်း၊ ခွဲစိတ်မှုပြုလုပ်ရန်အတွက် ငွေကြေးအကူအညီလိုအပ်နေကြောင်း နိုင်ငံပိုင် မီဒီယာက သောကြာနေ့တွင် ကြေညာသည်။

မွေးဖွား

ယင်းကလေးကို လယ်သမားမိသားစုမှ မွေးဖွားခြင်းဖြစ်ပြီး နာမည်မပေးရသေးကြောင်း၊ အဘူဂျာမြို့ရှိ အထူးကုဆေးရုံ၌ ကုသမှုခံယူလျက်ရှိကြောင်း နိုင်ဂျီးရီးယား သတင်းဌာနက ဖော်ပြသည်။

နာကျင်မှုများခံစား

အဆိုပါကလေးကို မိခင်က အမည်မပေးလိုသေးကြောင်း၊ ယင်းကို မွေးဖွားစဉ်အတွင်း အလွန်နာကျင်မှုများ ခံစားခဲ့ရကြောင်း၊ နာကျင်မှုများ သက်သာမှုရှိအောင် ကြိုးစားနေဆဲဖြစ်ကြောင်း ၎င်း၏မိခင်က ပြောကြားသည်။ အဆိုပါ ကလေးမိခင်အား မီးမဖွားမီက စမ်းသပ်မှုတွင် ကိုယ်အင်္ဂါမပြည့်စုံသော ကလေးမွေးဖွားရန် မတွေ့ရှိခဲ့ကြောင်း ဆေးညွှန်ကြားရေးမှူး အဗ္ဗဒူရာမန်ဘူကာက ပြောကြားသည်။ ၎င်းကလေး မိခင်သည် ကိုယ်ဝန်ဆောင်စဉ်ကာလအတွင်း ကိုယ်အင်္ဂါချို့ယွင်းစေသည့် ဆေးဝါးများသုံးစွဲခဲ့မိကြောင်း ဘူကာက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကြည့်ရှုလေ့လာ

ပါကစ္စတန်နိုင်ငံ ကရာချိမြို့ရှိ သတို့သမီးဝတ်စုံများ ရောင်းချသည့် ဆိုင်တစ်ဆိုင်၌ အမျိုးသမီးများ ကြည့်ရှုလေ့လာနေကြသည်ကို ဇန်နဝါရီ ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

(၂၄)ကြိမ်မြောက် ကမ္ဘာ့ဆိပ်ကမ်းများဆိုင်ရာညီလာခံ တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် လာမည့်မေလအတွင်းကျင်းပမည်

ရှန်ဟိုင်း ဇန်နဝါရီ ၁၆

(၂၄)ကြိမ်မြောက် ကမ္ဘာ့ဆိပ်ကမ်းများဆိုင်ရာ ညီလာခံကို ရှန်ဟိုင်းမြို့တွင် လာမည့် မေလ ၂၁ရက်မှ ၂၇ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း ရှန်ဟိုင်းဆိပ်ကမ်း အုပ်ချုပ်ရေးအဖွဲ့က စနေနေ့၌ ပြောကြားလိုက်သည်။

နှစ်နှစ်တစ်ကြိမ် ကျင်းပသော အဆိုပါ နိုင်ငံတကာဆိုင်ရာ ဆိပ်ကမ်းညီလာခံသည် တရုတ်နိုင်ငံ၌ ပထမဆုံး ကျင်းပခြင်း ဖြစ်သည်ဟုဆိုသည်။

ဆွေးနွေးမည်

ယင်းညီလာခံသို့ ဆိပ်ကမ်းများ၊ သင်္ဘောဖြင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းကုမ္ပဏီများ၊ ကျွမ်းကျင်သူများနှင့် သက်ဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်းများ၏ ခေါင်းဆောင်များ တက်ရောက်ကြမည်ဖြစ်ပြီး ဆိပ်ကမ်းများတွင် ရင်းနှီးမြှုပ်နှံမှု၊ ဆိပ်ကမ်းများ၏ ဖွံ့ဖြိုးရေးမဟာဗျူဟာများ၊ဆိပ်ကမ်းဖွံ့ဖြိုးမှုနှင့်သင်္ဘောဖြင့် ကုန်စည်ပို့ဆောင်မှုအပေါ် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးစနစ်၏ အကျိုးသက်ရောက်မှု၊ ဆိပ်ကမ်းများ၏ ပတ်ဝန်းကျင်နှင့် သောင်တူးဖော်မှုအပြင် သင်္ဘောဖြင့် ကုန်စည်ပို့ဆောင်ခြင်းကို ဆန်းသစ်တီထွင်မှုတို့အား အဓိကဆွေးနွေးကြမည် ဖြစ်သည်ဟု ဆိပ်ကမ်းအုပ်ချုပ်ရေးဌာန ညွှန်ကြားရေးမှူး ကျူပေဆင်းက ပြောကြားသည်။

တက်ရောက်ဖွယ်

အစည်းအဝေးကို ခုနစ်ရက်ကြာ ကျင်းပမည်ဖြစ်ပြီး ကမ္ဘာတစ်ဝန်း နိုင်ငံ၈၀မှ လူ၁၀၀၀ ကျော် တက်ရောက်ဖွယ်ရှိကြောင်း ၎င်းကပြောကြားသည်။

အဆိုပါ ကမ္ဘာ့ဆိပ်ကမ်းများညီလာခံကို နိုင်ငံတကာဆိုင်ရာ ဆိပ်ကမ်းများအသင်းက ကြီးမှူးကျင်းပခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘောဒီးယား၌ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရန် ဗီယက်နမ်အား ကမ္ဘောဒီးယားဒုတိယဝန်ကြီးချုပ်တိုက်တွန်း

ဟိုချီမင်းစီးတီး ဇန်နဝါရီ ၁၆

ကမ္ဘောဒီးယားနိုင်ငံတွင် ဗီယက်နမ်နိုင်ငံက ပိုမိုရင်းနှီးမြှုပ်နှံသွားရန် ကမ္ဘောဒီးယားဒုတိယဝန်ကြီးချုပ် ဆော့ခ်အန်က ယမန်နေ့၌ တိုက်တွန်းလိုက်သည်။

ကမ္ဘောဒီးယားနိုင်ငံ၏ အလားအလာကောင်းသော စီးပွားရေးဖွံ့ဖြိုးမှုကဏ္ဍများမှာ စိုက်ပျိုးရေး၊ခရီးသွားလုပ်ငန်းနှင့် စက်မှုကုန်ထုတ်လုပ်ရေးကဏ္ဍများဖြစ်ကြောင်း၊ ယင်းကဏ္ဍများ ဖွံ့ဖြိုးစေရန် မိမိတို့သည် လျှပ်စစ်၊ ကြေးနန်းဆက်သွယ်မှုများ၊ လူ့အရင်းအမြစ်များနှင့် ငွေကြေးအရင်း အမြစ်များ လိုအပ်ကြောင်း ဟိုချီမင်းစီးတီး၌ ပြုလုပ်သည့် ညီလာခံတွင် ဆော့ခ်အန်က ပြောကြားသည်။

တိုးတက်လာမည်

အကယ်၍နှစ်နိုင်ငံပုဂ္ဂလိကကဏ္ဍက ပူးပေါင်းဆောင်ရွက်မည်ဆိုလျှင် ကုန်သွယ်ရေးဆောင်ရွက်မှုနှင့် အလုပ်အကိုင်ရရှိမှုတို့ တိုးတက်လာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကမ်းလှမ်း

ကမ္ဘောဒီးယားနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုကိုအထောက်အကူပေးရန် မိမိနိုင်ငံသည်စွဲဆောင်မှုများကို ကမ်းလှမ်းထားကြောင်း ဗီယက်နမ်ကုမ္ပဏီ ကိုယ်စားလှယ် ၂၅၀အား ကမ္ဘောဒီးယားဒုတိယဝန်ကြီးချုပ် ဆော့ခ်အန် က ပြောကြားသည်။ ၎င်းနှင့်အတူ အစိုးရအရာရှိများပါရှိသော ကိုယ်စားလှယ် အဖွဲ့တစ်ဖွဲ့နှင့် စီးပွားရေးလုပ်ငန်းရှင် ၆၀ လိုက်ပါလာခဲ့သည်။ **(အင်တာနက်)**

မယ်ဂျာမနီ

ဂျာမနီနိုင်ငံ အာချင်မြို့တွင် ကျင်းပသည့် ၂၀၀၅ခုနှစ်အတွက် ဂျာမနီမယ်ရွေးပွဲ၌ ရွေးချယ်ခံရသော အသက် ၂၃နှစ် အရွယ်ရှိ အက်စ်လီဘေရန်အား ဇန်နဝါရီ ၁၅ ရက် က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဆင်များခိုးယူသတ်ဖြတ်ခြင်းခံရမှု တန်ဇန်းနီးယား ထိန်းချုပ်ခဲ့ ယခုအခါ ဆင်ကောင်ရေ ၁၂၀၀၀၀ခန့်အထိ မြင့်တက်လာ

ဒါအက်စ်ဆလမ် ဇန်နဝါရီ ၁၆

တန်ဇန်းနီးယားနိုင်ငံတွင် ၁၉၆၀နှင့် ၁၉၈၀ ပြည့်နှစ်များအတွင်း ခိုးယူသတ်ဖြတ်ခြင်းခံရမှုကြောင့် တစ်စတစ်စ လျော့နည်းလာခဲ့သော ဆင်ကောင်ရေသည် ယခုအခါ ၁၂၀၀၀၀ ဝန်းကျင်ထိမြင့်တက်လာကြောင်း ဒေသလူထုဆက်သွယ်ရေးက စနေနေ့၌ သတင်းဖော်ပြခဲ့သည်။

၁၉၈၉ ခုနှစ်တွင် ကျင်းပခဲ့သော မျိုးတုံးပျောက်ကွယ်မည့် အန္တရာယ်ရှိသည့် တိရစ္ဆာန်မျိုးစိတ်များဆိုင်ရာ နိုင်ငံတကာ ကုန်သွယ်မှု ကွန်ဗင်းရှင်းက နိုင်ငံတကာဆိုင်ရာ ဆင်စွယ်ကုန်သွယ်မှုကို ပိတ်ပင်တားမြစ်ခဲ့ပြီးနောက် ဆင်ကောင်ရေသည် တန်ဇန်းနီးယား၌ သိသိသာသာ တိုးမြှင့်လာခဲ့ခြင်းဖြစ်သည်ဟု လူထုဆက်သွယ်ရေးက သတင်းဖော်ပြခဲ့သည်။

ဖော်ပြ

တန်ဇန်းနီးယားနိုင်ငံတွင် ဆင်ကောင်ရေသည် ၅၅၀၀၀ ထိလျော့ကျခဲ့ပြီးနောက်ပိုင်း တရားမဝင်ခိုးယူသတ်ဖြတ်ခြင်းကို ထိန်းချုပ်ရန် ဆောင်ရွက်ခဲ့ရာ ယခုအခါ တန်ဇန်းနီးယား၌ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးဒေသများတွင် ခရီးသွားသူများသည် ဆင်တစ်ကောင် သို့မဟုတ် နှစ်ကောင်နှင့် အလွယ်တကူပက်ပင်းတွေ့နိုင်ကြောင်း လူထုဆက်သွယ်ရေးက ရေးသားဖော်ပြသည်။

လျော့နည်းခဲ့

၁၉၇၀ နှင့် ၁၉၈၀ ပြည့်နှစ်များအတွင်း အာဖရိကနိုင်ငံအများစုသည် ဆင်များခိုးယူသတ်ဖြတ်ခြင်းနှင့် ကြုံခဲ့ရသဖြင့် ဆင်ကောင်ရေအများအပြားလျော့နည်းခဲ့ကြရသည်။

ကင်ညာနိုင်ငံ၌ ၁၉၆၀ ပြည့်နှစ်များတွင် ကောင်ရေ ၁၆၀၀၀၀ ရှိခဲ့ရာမှ ၁၉၈၉ ခုနှစ်တွင် ၂၀၀၀၀ ဝန်းကျင်ထိ သိသိသာသာလျော့ကျခဲ့သည်။ ဆင်စွယ်ကုန်သွယ်မှုပိတ်ပင်တားမြစ်ချက်ကို ၁၅ နှစ်ကြာ အကောင်အထည်ဖော်ခဲ့ပြီး အာဖရိကတိုက်၌ ခိုးယူသတ်ဖြတ်မှုနှိမ်နင်းရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခဲ့ပြီးနောက်ပိုင်း၌ ကင်ညာ၊ ဇမ်ဘီယာ၊ ဘော့ဆွာနာ၊ ဇင်ဘာဘွေ၊ နမီးဘီးယားနှင့် တောင်အာဖရိကနိုင်ငံတို့တွင် ဆင်ကောင်ရေသည် မှန်မှန်တိုးလာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ဇန်နဝါရီ ၁၆ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၃၆၃ ဦး ရှိပြီ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၇

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့တိုင် အီရတ်နိုင်ငံ၌ သေဆုံး ဒဏ်ရာရလျက် ရှိကြသည်။

ဇန်နဝါရီ ၁၆ရက် တနင်္ဂနွေနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၃၆၃ ဦးရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၁၀၇၁ဦးမှာ တိုက်ပွဲ၌ သေဆုံးခဲ့ကြသည်။ ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၇၆ ဦး၊ အီတလီ ၁၉ ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခုနစ်ဦးနှင့် ပိုလန် ၁၆ဦး၊ ယူကရိန်း ၁၆ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြား နှစ်ဦး၊ အက်စ်တိုးနီးယားနှင့် နယ်သာလန်နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒို၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် ကာဇက်ကစ္စတန်တို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်။ သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၁၂၂၅ ဦးဖြစ်ပြီး ယင်းအနက် ၉၆၂ဦးမှာတိုက်ပွဲ၌ သေဆုံးကြောင်းစစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

အီရတ်၏ ရေနံမှရသော ငွေကြေးကိုင်တွယ်ဆောင်ရွက်မှု ကန်တို့ ညံ့ဖျင်းကြောင်း စောင့်ကြည့်အဖွဲ့ ဝေဖန်ပြစ်တင်

ကုလသမဂ္ဂ ဇန်နဝါရီ ၁၆

ဆက်ဒမ်ဟူစိန်ကို ထိုးနှက်အနိုင်ယူခဲ့ပြီးနောက်ပိုင်း အီရတ်၏ ရေနံမှရရှိသော ငွေကြေးအား အမေရိကန်ပြည်ထောင်စုက ကိုင်တွယ်ဆောင်ရွက်မှုသည် ရေနံထုတ်လုပ်မှုနှင့် ငွေကြေးပြဿနာများအပါအဝင် စီမံခန့်ခွဲမှုများ ညံ့ဖျင်းအားနည်းခဲ့သည်မှာ ပေါ်လွင်ထင်ရှားခဲ့ကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် စောင့်ကြည့်အဖွဲ့က သောကြာနေ့၌ ပြောကြားသည်ဟု သံတမန်များက ပြောကြားသည်။

ဆက်ဒမ်ဟူစိန်လက်ထက်၌ အီရတ်၏ အစားအစာအတွက် ရေနံ အစီအစဉ်ကို ကုလသမဂ္ဂက စီမံခန့်ခွဲမှုညံ့ဖျင်းခဲ့သည်ဟု အမေရိကန်မူဝါဒရေးဆွဲသူများက စွပ်စွဲခဲ့ပြီးနောက် ယင်းဝေဖန်ပြစ်တင်မှုများ ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

အီရတ်ရေနံကို အမေရိကန်ပြည်ထောင်စု၏ စီမံခန့်ခွဲမှုအားကွပ်ကဲရန်ထူထောင်ခဲ့သည့် နိုင်ငံတကာဆိုင်ရာအကြံပေးနှင့် စောင့်ကြည့်အဖွဲ့ ခေါင်းဆောင် ကုလသမဂ္ဂ ထိန်းသိမ်းကြီးကြပ်သူ ရောင်ပီယာရီ ဟောလ်ဝက်ချ်က လုံခြုံရေးကောင်စီ၌ ပြုလုပ်သည့် တံခါးပိတ် အစည်းအဝေးတွင်ဖော်ပြပါအတိုင်း ပြစ်တင် ပြောဆိုခြင်း ဖြစ်သည်။ ၎င်းဆွေးနွေးခဲ့သည့် ပြဿနာများမှာ ရေနံ မည်မျှထုတ်လုပ်ခဲ့သည်၊မည်သို့ဆက်လက်ဆောင်ရွက်ခဲ့သည် နှင့် ယှဉ်ပြိုင်ခြင်းမပြုသော ကန်ထရိုက် လုပ်ငန်းများကို ဒုတိယသမ္မတ ဒစ်ချေနီ ယခင်ကဦးဆောင်ခဲ့သည့် ဟာလီဘာတွန်ကုမ္ပဏီအား မည်သို့ပေးသည်ဆိုသော ပြဿနာများဖြစ်ကြောင်းသံတမန်များကပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

မိုဆူးလ်မြို့တွင် အီရတ်တို့ကို ရှာဖွေစစ်ဆေးနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဇန်နဝါရီ၁၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အယ်အန်ဘာ ပြည်နယ်တွင် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၁၆

ဘဂ္ဂဒက်အနောက်ဘက်ရှိ အန်ဘာပြည်နယ်တွင် သောကြာနေ့က မတော်တဆ ဖြစ်ရပ်တစ်ခုကြောင့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန် စစ်ဘက်က စနေနေ့၌ ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အီရတ်နိုင်ငံ အယ်အန်ဘာပြည်နယ်တွင် နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်ရေးများကိုဆောင်ရွက်နေစဉ် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦး ဇန်နဝါရီ ၁၄ရက်က သေဆုံးသွားခဲ့ကြောင်း၊ ထိုသို့ သေဆုံးသွားသည်မှာ အီရတ်ခုခံတိုက်ခိုက်ရေးသမားတို့၏ တစ်စုံတစ်ရာ တိုက်ခိုက်ခံရ၍မဟုတ်ကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြထားသည်။ ထိုသို့ မတော်တဆ ဖြစ်ရပ်မှာ မည်သို့ဖြစ်ရသည်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊အမေရိကန်မရိန်းတပ်ဖွဲ့ဝင်သေဆုံးရမှု၏အသေးစိတ်အချက်အလက်များကို မသိရသေးကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

ပြီးခဲ့သည့် ၂၀၀၃ခုနှစ် မတ်လကစတင်ပြီး အီရတ်နိုင်ငံကို ကျူးကျော်ဝင်ရောက်ခဲ့ချိန်မှ ယခုအချိန်အထိ သေဆုံးခဲ့ရသော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၁၃၆၀ကျော်ရှိပြီး ဖြစ်ကြောင်းသိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒမွေသဘင်

ရန်ကုန် ဇန်နဝါရီ ၁၇

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင် တမာတန်း မူလသစ်ဆိမ့်တိုက် ငြိမ်းချမ်းရွှေပြည်ကျောင်း၏ ပဓာနနာယက သာသနဓဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် ဇန်နဝါရီ ၂၀ ရက်နှင့် ၂၁ ရက်ညများတွင် ဖိုးဝင်းတပ်ကျေးရွာ ဝက်လက်မြို့နယ်တွင်လည်းကောင်း၊ ၂၂ရက်ညတွင် မြေဖွန်းရွာ ဆားလင်းကြီးမြို့တွင်လည်းကောင်း၊ ၂၃ ရက် ညတွင် ပေါ်ဦးရပ် တန့်ဆည်မြို့တွင်လည်းကောင်း၊ ၂၄ ရက်ညတွင် ရွှေစည်းခုံစေတီတော် မုံရွာမြို့တွင်လည်းကောင်း တရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။ **(က-ပ)**

ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် ဟင်္သာတစက်မှုဇုန်ကော်မတီဝင်များနှင့်တွေ့ဆုံ လယ်ယာသုံးပစ္စည်းများ တွင်တွင်ကျယ်ကျယ်ထုတ်လုပ်ဖြန့်ဖြူးရေးမှာကြား

ရန်ကုန် ဇန်နဝါရီ ၁၇

ဧရာဝတီတိုင်း ဟင်္သာတစက်မှုဇုန်တာဝန်ခံ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် လျှပ်စစ်စွမ်းအားဦးစီးဌာနနှင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါ၍ ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် ဟင်္သာတမြို့နယ် မြနဒီခန်းမ၌ စက်မှုဇုန်ကြီးကြပ်မှုကော်မတီဝင်များ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ ဟင်္သာတခရိုင်စက်မှုဇုန်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်ပြုံးက စက်မှုဇုန်မြေနေရာ ဖော်ထုတ်ရန် စီစဉ်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ စက်မှုဇုန်သို့ ပြောင်းရွှေ့မည့် လုပ်ငန်းအမျိုးအစားနှင့် အရေအတွက်တို့ကို ရှင်းလင်းတင်ပြသည်။

စက်မှုဇုန်တာဝန်ခံဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က စက်မှုဇုန်တွင် လုပ်ငန်းရှင်များအား စနစ်တကျနေရာ ချထားရေး၊ ပေ ၁၀၀ လမ်းမကြီးနှင့် လမ်းသွယ်များကို သွားလာရေးလွယ်ကူအောင်ဖောက်လုပ်ရေး၊ အဆောက်အအုံများ ဆောက်လုပ်ရေး၊ လျှပ်စစ်မီးလိုင်းသွယ်တန်းရေး၊ စက်မှုဇုန်သို့ လုပ်ငန်းရှင်များ ပြောင်းရွှေ့ရာတွင် အဆင်ပြေချောမွေ့ရေး၊ ဌာနဆိုင်ရာများက ဝိုင်းဝန်းကူညီပံ့ပိုးရေး၊ စက်မှုလုပ်ငန်းရှင်များက ဆန်စက်သုံးပစ္စည်းများ၊ လယ်ယာလုပ်ငန်းသုံးပစ္စည်းများ၊ စပါးခြွေလှေ့စက်များ၊ စက်အပိုပစ္စည်းများကို သက်သာသော နှုန်းထားဖြင့် တွင်တွင်ကျယ်ကျယ် ထုတ်လုပ်ဖြန့်ဖြူးရေး၊ အခြားပစ္စည်းများ တီတွင်ထုတ်လုပ်ရေးတို့ကို ဆွေးနွေးမှာကြားပြီး တက်ရောက်လာသူလုပ်ငန်းရှင်များ၏ တင်ပြဆွေးနွေးချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပူးပေါင်းဆောင်ရွက်

ထိုမှတစ်ဆင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဗိုလ်ချုပ်တင်ထွတ်သည် ဟင်္သာတခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ရောက်ရှိပြီး ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ စည်းရုံးရေးမှူးများနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်အောင်မြင်ရေးအတွက် ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဗိုလ်ချုပ်တင်ထွတ်သည် ဇလွန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဇလွန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် တာဝန်ရှိသူများနှင့်အတူ ဇလွန်မြို့နယ်အတွင်းရှိ သက္ကယ်ကျွန်းကျေးရွာနှင့် ခနကျေးရွာသို့ ဆက်သွယ်ထားသော အရှည် ၄ ဒသမ ၈ မိုင်ရှိ ကျေးရွာချင်းဆက်မြေသားလမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်နေသည့် လမ်းလုပ်ငန်းနှင့် လမ်းပခုံးမြေသားဖို့ညှိခြင်း လုပ်ငန်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် ဒေသခံကျေးရွာသူရွာသားများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ အားပေးစကား ပြောကြားသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၁၆ ရက်က ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် ပြည်နယ်၊ တိုင်း မန်နေဂျာများ၏ ဘဏ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ဘဏ်ခွဲ(၁) သင်တန်းခန်းမတွင် ကျင်းပရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်း တက်ရောက်၍ အမှာစကားပြောကြားစဉ်။
(က-ပ)

နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၇

၂၀၀၅ခုနှစ် နှစ် (၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့နံနက် ၇နာရီတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ဆက်လက်ကျင်းပရာ ပြိုင်ပွဲများ မစတင်မီ ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် လသာမြို့နယ် အမှတ် (၂)အခြေခံပညာ အထက်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူလေးများပါဝင်သော ဘင်ခရာအဖွဲ့များက စစ်ချီတေးများ၊ အလှသရုပ်ဖော်ပြကွက်များဖြင့် စွမ်းရည်ပြ ဂုဏ်ပြုဖျော်ဖြေကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ တိုက်ခိုက်ရေးကျောင်း (ဗထူး)ကိုယ်စားပြု စစ်တီးဝိုင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြုစစ်တီးဝိုင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်း၊ အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း၊ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းနှင့် အမှတ်(၃၃)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းများ ယှဉ်ပြိုင်ကြသည်။

တီးမှုတ်ယှဉ်ပြိုင်

ထို့သို့ယှဉ်ပြိုင်ရာတွင် တိုက်ခိုက်ရေးကျောင်း(ဗထူး) ကိုယ်စားပြုစစ်တီးဝိုင်းက ဖန်နေဝန်း၊ ပြည်သူ့တပ်မတော်၊ အောင်လံလွှင့်မယ့် ဒို့တပ်မတော် စစ်ချီတေးများဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းက အောင်လံလွှင့်မယ့် ဒို့တပ်မတော်၊ ကျန်ရှိသေးသောတာဝန်တစ်ရပ်၊ တူယှဉ်ကာတိုက်စို့ စစ်ချီတေးများဖြင့်လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းက ဒို့တပ်မတော်၊ ထာဝစဉ်နုပျိုနေတဲ့ဒို့တပ်မတော်၊ မျိုးချစ်ဇာနည်စစ်ချီတေးများဖြင့်လည်းကောင်း၊ အမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြုစစ်တီးဝိုင်းက အောင်လံလွှင့်မယ့် ဒို့တပ်မတော်၊ မျိုးချစ်ဇာနည်စစ်ချီတေးများဖြင့်လည်းကောင်း၊ အမှတ် (၁၁)ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြုစစ်တီးဝိုင်းက အောင်လံဝင့်ဝင့် သမိုင်းအဆင့်ဆင့် တပ်မတော်၊ ပြည်သူ့တပ်မတော်စစ်ချီတေးများဖြင့်လည်းကောင်း၊ အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြုစစ်တီးဝိုင်းက မျိုးချစ်ဇာနည်၊ ကျန်ရှိသေးသော တာဝန်တစ်ရပ်၊ တူယှဉ်ကာတိုက်စို့ စစ်ချီတေးများဖြင့်လည်းကောင်း သရုပ်ဖော်ပြကွက်များဖြင့် တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ဂုဏ်ပြုဆုငွေချီးမြှင့်

ယင်းနောက် နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေးကော်မတီအဖွဲ့ဝင် ဒုတိယစစ်ရေးချုပ် ဗိုလ်မှူးကြီးခင်စိုးက အလှသရုပ်ပြဖျော်ဖြေကြသည့် ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့မှ ဘင်ခရာအဖွဲ့များ ကိုယ်စား အဖွဲ့ခေါင်းဆောင်တို့အား ဂုဏ်ပြုဆုငွေများကိုပေးအပ်ချီးမြှင့်သည်။

ယနေ့ကျင်းပသည့် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲသို့ တပ်မတော်အရာရှိကြီးများ၊ အမှတ်ပေးအကဲဖြတ်အဖွဲ့များ၊ ဧည့်သည်တော်များ၊ တပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိ စစ်သည်များနှင့် မိသားစုဝင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြန်မာ ICT ရက်သတ္တပတ်

၂၀၀၅ ခုနှစ်

(၂၁-၁-၂၀၀၅) ရက်မှ (၂၇-၁-၂၀၀၅) ရက်အထိ

MICT Park၊ ရန်ကုန်မြို့။

စတုတ္ထအကြိမ် မြန်မာအိုင်စီတီရက်သတ္တပတ် ၂၀၀၅

(ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ)

ဇန်နဝါရီ ၂၁ ရက်၊ သောကြာနေ့

၀၈း၀၀	–	ဖွင့်ပွဲအခမ်းအနား
၁၀း၀၀-၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၁၃း၀၀-၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ
	–	ICT Competitions

ဇန်နဝါရီ ၂၂ ရက်၊ စနေနေ့

၀၉း၀၀-၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၂း၀၀	–	ICT Product Presentation
၀၉း၀၀-၁၇း၀၀	–	ICT Competitions
၁၃း၀၀-၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၃ ရက်၊ တနင်္ဂနွေနေ့

၀၉း၀၀-၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၂း၀၀	–	ICT Product Presentation
၀၉း၀၀-၁၇း၀၀	–	ICT Competitions
၁၃း၀၀-၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၄ ရက်၊ တနင်္လာနေ့

၀၉း၀၀-၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၂း၀၀	–	ICT Product Presentation
၀၉း၀၀-၁၇း၀၀	–	ICT Competitions
၁၃း၀၀-၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၅ ရက်၊ အင်္ဂါနေ့

၀၉း၀၀-၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၂း၀၀	–	ICT Product Presentation
၀၉း၀၀-၁၇း၀၀	–	Network Game ပြိုင်ပွဲ
၁၃း၀၀-၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့

၀၉း၀၀-၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၂း၀၀	–	ICT Product Presentation
၀၉း၀၀-၁၇း၀၀	–	Network Game ပြိုင်ပွဲ
၁၃း၀၀-၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၇ ရက်၊ ကြာသပတေးနေ့

၀၉း၀၀-၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၇း၀၀	–	Network Game နောက်ဆုံးပြိုင်ပွဲ
၁၃း၀၀-၁၆း၃၀	–	ICT Competitions ပြိုင်ပွဲများ ဆုချီးမြှင့်ခြင်း
	–	ကူညီပံ့ပိုးသူများအား ဂုဏ်ပြုလွှာပေးအပ်ခြင်း
	–	အိုင်စီတီရက်သတ္တပတ်ပိတ်ပွဲအခမ်းအနား

(နည်းပညာပြခန်းများကို နံနက်၉နာရီမှ ညနေ၅နာရီအထိအခမဲ့ပြသပါမည်။)
MICT Park၊ တက္ကသိုလ်များလှိုင်နယ်မြေ၊ ရန်ကုန်။

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အင်းစိန်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ကလေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၈ ရက်က အင်းစိန် တောင်သူကုန်းရပ်ကွက် အသင်းမြေကွက်လပ်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းငွေကျပ် တစ်သိန်းကို ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းဌေးထံ မြို့နယ်အတွင်းရေးမှူး ဦးမြတ်သူက ပေးအပ်လှူဒါန်းစဉ်။ (၀၄၆)

အထက(၃) ကြည့်မြင်တိုင် မြတ်ဆရာပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၇

အထက(၃) ကြည့်မြင်တိုင်၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂ရက် (တောင်သူလယ်သမားနေ့)တွင် ကျင်းပမည်ဖြစ်ရာ ပူဇော်ပွဲအကြိုညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ပြီး အမှုဆောင်ဟောင်းများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကံတင်ဘီးလင်းတမံဆည်ရေပေးဝေမှုကြည့်ရှု ရေလှောင်တမံမှဆည်ရေရ၍ နွေစပါးနှင့် ပဲမျိုးစုံစိုက်ပျိုးနိုင်ပြီ

ရန်ကုန် ဇန်နဝါရီ ၁၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၁၅ ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) မင်းလှမြို့နယ် ကံတင်ဘီးလင်း ရေလှောင်တမံ၏ ဆည်ရေသောက် ဧရိယာတွင် ဆည်ရေပေးဝေ၍ နွေစပါးစိုက်ပျိုးမှု၊ ပဲစိုက်ခင်းများဖြစ်ထွန်းမှု၊ ရေပေးအဆောက် အအုံများပြီးစီးမှု၊ လူအင်အား စက်အင်အားဖြင့် ရေပေးတူးမြောင်းများ တူးဖော်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးသည် ထန်းပင်ချောင်ကျေးရွာအနီးရှိ ကံတင်ဘီးလင်း ရေလှောင်တမံ လက်ဝဲမြောင်းမကြီး၏ လက်တံမြောင်းအမှတ်(၃)ရေမြောင်းများမှဆည်ရေပေးမှု၊ နွေစပါးစိုက်ပျိုးရန် လယ်ယာကွက်များ ရေဝင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းနှင့် တည်ဆောက်ရေး (၉)ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မြင့်တို့က ဆည်ရေသောက်ဧရိယာရှိ ရေမြောင်းများပြီးစီးမှု၊ ရေပေးဝေမှု၊ ဆက်လက်၍ ရေမြောင်းများ တူးဖော်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် လက်တံမြောင်းအမှတ်(၃)(DY-3)နှင့် လက်ဝဲတူးမြောင်းမကြီး ဆက်စပ်နေရာ၏ ဆည်ရေပေးမှုကိုလည်းကောင်း၊လက်ဝဲတူးမြောင်းပေါ်ရှိ ရေကျအဆောက်အအုံ အမှတ်(၃)၊ အမှတ်(၂) နှင့် အမှတ်(၁) အဆောက်အအုံတို့ကို လည်းကောင်း၊ ပင်မမြောင်းနှင့် လက်ဝဲတူးမြောင်းတို့ခွဲထွက်သည့် ရေခွဲအဆောက်အအုံနေရာနှင့် လက်ယာမြောင်းသို့ ရေချပေးရန် မြောင်းထိပ်တွင် စက်အင်အားဖြင့် တူးဖော်မှုတို့ကို လည်းကောင်း၊ ပင်မရေပေးတူးမြောင်းမှ ဆည်ရေပေးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

နွေစပါးနှင့်ပဲမျိုးစုံစိုက်ပျိုး

ပြီးစီးသော တူးမြောင်းမကြီးသည် ၂၂ မိုင်ကျော် ရှည်လျားပြီး လက်တံမြောင်းများမှာ ၁၂၈ မိုင်ကျော် ရှည်လျားကာ ပြီးစီးသောရေမြောင်းများမှ ဆည်ရေပေးဝေ၍ မင်းလှမြို့နယ်နှင့် လက်ပံတန်းမြို့နယ်တို့တွင် နွေစပါး ဧက ၉၀၀၀ စိုက်ပျိုးမည်ဖြစ်သည်။ ယခင်နှစ်များက နွေသီးထပ်သီးနှံ မစိုက်ပျိုးနိုင်ခဲ့သည့် ဧရိယာများသည် ယခုနှစ်တွင် ကံတင်ဘီးလင်းရေလှောင်တမံမှ ဆည်ရေရရှိပြီဖြစ်၍ နွေစပါးနှင့် ပဲမျိုးစုံ စိုက်ပျိုးနိုင်ကြပြီဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဝန်ကြီးသည် ကံတင်ဘီးလင်းရေလှောင်တမံ၏ ရေလွှဲဆည်သို့ရောက်ရှိရာ တည်ဆောက်ရေး ဒုတိယညွှန်ကြားရေးမှူးက အလျားပေ ၁၂၀၊ အကျယ် ၉၅ ပေနှင့် အမြင့် ၁၆ ပေရှိသည့် ရေလွှဲဆည်နှင့် ရေခေါ်မြောင်းများကို ပြသရှင်းလင်းသည်။

ဝန်ကြီးသည် ရေပေးမြောင်းများမှ ဆည်ရေပေးမှုကို စစ်ဆေးပြီးနောက် ရေလွှဲဆည်အထက်ပိုင်း ရှစ်မိုင်အကွာရှိ ကံတင်ဘီးလင်းရေလှောင်တမံသို့ သွားရောက်စစ်ဆေးကြည့်ရှုသည်။

ပြသရှင်းလင်း

ရေလှောင်တမံတွင် တည်ဆောက်ရေး(၉) ဒုတိယညွှန်ကြားရေးမှူးက ရေလှောင်တမံ၊ ရေလွှဲဆည်နှင့် ပင်မမြောင်း၊ လက်တံမြောင်းများ၏ ဆည်ရေသောက်ဧရိယာတွင် ရေပေးမှုစနစ်ကို မြေပုံဖြင့် ပြသရှင်းလင်းသည်။

ထို့နောက် ဝန်ကြီးသည် ရေထုတ်ပြွန်၊ ရေထိန်းမျှော်စင်နှင့် ဆည်ရေပေးသည့်မြောင်းမှ ရေချပေးဝေမှုကိုလည်းကောင်း၊ အလျားပေ ၆၅၀၊ အကျယ် ၄၅ ပေရှိသည့် ရေပိုလွှဲကိုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကံတင်ဘီးလင်းရေလှောင်တမံသည် ဘီးလင်းချောင်းပေါ်တွင်တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၁၃၄၀၀၀ ရှိရာ ယခုအခါ ဆည်အတွင်း ရေဝင် ဧကပေ ၉၀၀၀၀ ရှိကြောင်း သိရှိရသည်။

ထို့နောက် ဝန်ကြီးသည် ရေလှောင်တမံမှ ရေသွယ်မြောင်းများ တစ်လျှောက် ဆည်ရေပေးမှု၊ လယ်ယာကွက်များ ရေသွင်းယူမှု၊ နွေစပါးစိုက်ပျိုးရန်မြေပြုပြင်မှု၊ နွေစပါးစိုက်ခင်းများနှင့် ကျန်ရှိသည့် ရေသွယ်မြောင်းများ ဆက်လက်၍ ပြီးစီးအောင် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် မကျီးကွင်းစခန်းတွင် ရန်ကုန်–ပြည် မော်တော်ကားလမ်းပေါ်၌ လက်ဝဲတူးမြောင်း၏ ကားလမ်းဖြတ်ရေငုပ်ပြွန်တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးသည်။

ရေပေးဝေမည်

ကံတင်ဘီးလင်း ရေလှောင်တမံဆည်ရေဖြင့် ယခုနှစ်တွင် ဧက ၁၂၀၀၀ ဆည်ရေပေးဝေမည်ဖြစ်ရာ လက်ဝဲမြောင်း ကားလမ်းဖြတ် ရေငုပ်ပြွန် အောက်ပိုင်းဒေသ ဧက ၇၀၀၀ ဆည်ရေပေးဝေနိုင်ပြီး မော်တော်ကားလမ်းနှင့် ရထားလမ်းကြား ရေသောက်ဧက ၂၃၀၀ ရှိကာ ရထားလမ်းအောက်ပိုင်းတွင်လည်း ရေသောက်ဧက ၄၇၀၀ ရှိလာမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အာဆီယံရိက္ခာလုံခြုံရေးသတင်းစနစ် စီမံကိန်းဆိုင်ရာအစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၇

အာဆီယံ+၃ နိုင်ငံများမှ လယ်ယာကဏ္ဍစာရင်းအင်းနှင့် သတင်းအချက်အလက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေးနှင့် အာဆီယံရိက္ခာလုံခြုံရေးသတင်းစနစ် စီမံကိန်းအကောင်အထည်ဖော်ရေးဆိုင်ရာ တတိယအကြိမ် အစည်းအဝေးကို ဇန်နဝါရီ ၂၄ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ ကန်တော်ကြီး ပဲလေ့(စ်) ဟိုတယ်တွင် ကျင်းပသွားရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● ကျောဖုံးမှ

ဆောင်ရွက်ရာ၌ စိစိစစ်စစ်ဖြင့် ပစ္စည်းနှင့်ငွေကို သုံးစွဲသွားရန်ဖြစ်ကြောင်း အထူးသဖြင့် စက်သုံးဆီများကို လုပ်ငန်းအလိုက်ချွေတာသုံးစွဲရေး၊ အလေအလွင့်မရှိစေရေး စနစ်တကျ သုံးစွဲရေးတို့ကို ဂရုပြုဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်ကုန်ထုတ်လုပ်မှု တိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိနေသဖြင့် လျာထားချက်ထက် ဂျီဒီပီတိုးတက်ရရှိရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသူရ ဦးသောင်းလွင်နှင့် ဒုတိယဝန်ကြီးဦးဖေသန်းတို့က မှာကြားရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ပြောင်းလဲနေသော ပတ်ဝန်းကျင်ကို လေ့လာ သုံးသပ်၍ ထိုအခြေအနေတွင် မိမိရည်မှန်းချက် အောင်မြင်စေရန် စနစ်တကျကျင့်သုံးတတ်ရန်လိုကြောင်း၊ ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်၏ နောက်ဆုံးကာလဖြစ်၍ မိမိအင်အားများကို စုစည်း၍ စီမံလျာထားချက်ဖြင့် အစွမ်းကုန် ကြိုးပမ်းထမ်းဆောင်ကြရန် လိုကြောင်း၊ ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းလျာထားချက်နှင့် ဘဏ္ဍာငွေလိုအပ်ချက်ကို ညှိနှိုင်းရေးဆွဲနေသည့် ကာလဖြစ်ကြောင်း၊ လျာထားချက်ထက် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ရေးကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားရန် မှာကြားကြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ကျောင်းအုပ်ကြီးတို့က မိမိတို့နှင့် သက်ဆိုင်သော လုပ်ငန်းဆိုင်ရာများကို အသီးသီးဆက်လက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းကနိဂုံးချုပ်အမှာစကားပြောကြားရာတွင် လုပ်ငန်းများအရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် လိုအပ်ချက်များနှင့် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းပြီး လုပ်ငန်းအခက်အခဲများကို ကျော်လွှား၍ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

* ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေး မူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
* တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊
* ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊
* နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
* နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေနှင့် ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း ဆီသန့်စက်ရုံနှင့် ဆိပ်ခံတံတား တည်ဆောက်ရေးလုပ်ငန်းများစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၇

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းတို့သည် ယမန်နေ့မွန်းလွဲပိုင်းတွင် သာကေတရှိ ငါးလုပ်ငန်းဦးစီးဌာန အရည်အသွေးစစ်ဆေးရေးရုံးသို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးက မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းဆိပ်ခံတံတားနှင့်ကပ်လျက်ရှိသော မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မြေနေရာ၌ ယုဇနကုမ္ပဏီလီမိတက်မှ ဆိပ်ခံတံတားတည်ဆောက်သည့် အခြေအနေကို ရှင်းလင်းတင်ပြရာ ဝန်ကြီးများက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးများသည် စီမံကိန်းလုပ်ငန်း ယာယီရှင်းလင်းဆောင်သို့ရောက်ရှိကြရာယုဇနကုမ္ပဏီလီမိတက်မန်နေဂျင်းဒါရိုက်တာ ဦးဌေးမြင့်က မွေးမြူရေးနှင့် ရေလုပ်ငန်းပိုင်မြေနေရာ၌ တစ်နေ့လျှင် တန် (၃၀၀) ကျ ဆီသန့်စက်ရုံ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်း အစီအမံများနှင့် ဆိပ်ခံတံတား တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးများက လိုအပ်သည်များကိုဖြည့်ဆည်းမှာကြားကြသည်။

ထို့နောက် ဝန်ကြီးများသည် ဆိပ်ခံတံတား တည်ဆောက်ရေးပိုင်တိုင်များ ရိုက်သွင်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဝန်ကြီးသည် ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော မြစ်ကြီးနား သင်္ဘော၏ မောင်းနှင်ခန်းတွင် တပ်ဆင်အသုံးပြုသော ခေတ်မီ ဆက်သွယ်ရေးစက်ကိရိယာများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ဆရာဝန်အသင်း ညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၇

(၅၁)ကြိမ်မြောက် မြန်မာနိုင်ငံ ဆရာဝန်အသင်းညီလာခံကို ဇန်နဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ရန်မျိုးလုံရပ် လမ်း ၇၀ နှင့် ၃၁လမ်း ထောင့်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) ခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသည့် ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လှိုင်မြို့နယ် မြို့နယ်အဆင့် ၂၀၀၄– ၂၀၀၅ ပညာသင်နှစ် ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ၇ရက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင်ကျင်းပရာ မြို့နယ်ကျောင်းကျန်းမာရေး စံပြမူလတန်းအဆင့် ပထမရရှိသော အမက(၂) မူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သာနုအေးအား မြို့နယ်ပညာရေးမှူးဒေါ်မြင့်ရီက ဆုချီးမြှင့်စဉ်။

(က–ပ)

အလက(၃)ဗဟန်း ကျောင်းသားကျောင်းသူဟောင်းများ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၇

အလက(၃) ဗဟန်းကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၅ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်း မြတ်ပန်းမဉ္ဇူခန်းမ၌ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ပူဇော်ကန်တော့ကြရန်နှင့် အလှူငွေများကို ဦးစိန်ဝင်း (ကျောင်းအုပ်ကြီး) ဖုန်း– ၅၅၅၆၈၇၊ မောင်ဇော်မင်းထွန်းအောင် ဖုန်း– ၅၅၈၂၈၆၊ မသက်မျိုးမွန် ဖုန်း– ၇၂၇၃၇၅၊ မောင်အာကာမင်းထက် ဖုန်း– ၇၂၆၄၀၀၊ မောင်အောင်ကျော်ဆန်း ဖုန်း– ၅၄၁၇၉၆ နှင့် မောင်မြင့်ဇော် ဖုန်း–၅၂၆၈၂၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က–ပ)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် စစ်ကိုင်းတိုင်း ခန္တီးခရိုင် လဟယ်မြို့ အခြေခံပညာအထက်တန်းကျောင်း e-Learning Centre ခန်းမ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

✡ ရှေ့ဖုံးမှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား ခန္တီးတပ်နယ်မှ နယ်မြေခံစစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမင်းဆွေ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ခန္တီးရှမ်းနှင့် နာဂတိုင်းရင်းသား အကြီးအကဲများက ခန္တီးလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဖြည့်စွက်တင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ခန္တီးလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လေယာဉ်ကွင်း ဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၄)စီမံကိန်း အင်ဂျင်နီယာ ဦးဝင်းလွင်က ခန္တီးလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းစီမံကိန်းဖြစ်သည့် ပထမအဆင့် ပေ ၅၁၀၀ မှ ဒုတိယ အဆင့် ပေ ၅၆၀၀ သို့ ပေ ၅၀၀ တိုးချဲ့ကျောက်ကတ္တရာခင်းခြင်း လုပ်ငန်းအစီအစဉ်နှင့် ဆောင်ရွက်မှုအခြေအနေ၊ အလျားပေ ၄၂၀၀ ရှိ လေယာဉ်ပြေးလမ်းဟောင်းပေါ်တွင် အနောက်တောင်ဘက်သို့ အလျားပေ ၅၀၀၊ အရှေ့မြောက်ဘက်သို့ အလျား ပေ ၁၀၀ စုစုပေါင်း အလျားပေ ၄၈၀၀၊ အကျယ် ပေ ၁၀၀ ကျောက်ကတ္တရာခင်းခြင်းစီမံကိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်၊ လုပ်ငန်းသုံး စက်သုံးဆီ၊ စက်၊ ယာဉ်နှင့်ယန္တရားများရရှိမှု အခြေအနေနှင့် လုပ်ငန်းခွင်အတွင်း သုံးစွဲမှုအခြေအနေတို့ကို လည်းကောင်း၊ နယ်မြေခံ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမင်းဆွေက ကျောက်ထုတ်လုပ်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်က ဖြည့်စွက် ရှင်းလင်း တင်ပြသည်။

တာဝန်ရှိသူများအားမှာကြား

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဖို့မြေလုပ်ငန်းကို တတိယအဆင့် ပေ ၇၀၀၀ အထိ မိုးရာသီမကျရောက်မီ အချိန်မီပြီးစီးအောင် အဓိက ဦးစားပေးဆောင်ရွက်ရန်နှင့် တစ်ပြိုင်တည်းတွင် ကျောက်ကတ္တရာခင်းခြင်း လုပ်ငန်းကိုပါ ဆောင်ရွက်သွားရန်၊ ရရှိသည့် စက်သုံးဆီများကို ခြိုးခြံချွေတာ၍ အလေအလွင့်မရှိအောင် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရန်နှင့် လေယာဉ်ကွင်းပတ်လည် သံဆူးကြိုးခြံစည်းရိုးကာရံရေးတို့ကို ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းအနောက်ခြမ်း ထိပ် ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် စစ်ကိုင်းတိုင်း လဟယ်မြို့ မြို့နယ်ပြည်သူ့ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ လေယာဉ်ပြေးလမ်း ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် အရှေ့ဘက်ခြမ်းတွင် စက်ယန္တရားကြီးများဖြင့် မြေသားလုပ်ငန်းတိုးချဲ့ဆောင်ရွက်နေမှုနှင့် ပေ ၇၀၀၀ အထိ ဆက်လက်တိုးချဲ့မည့် အနေအထားတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် ခန္တီးမြို့မှ ဆက်လက်ထွက်ခွာလာရာ စစ်ကိုင်းတိုင်း ခန္တီးခရိုင် လဟယ်မြို့သို့ မွန်းလွဲ ၁ နာရီတွင် ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များအား စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ နယ်မြေခံတပ်ရင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးရှစ်ကြူး၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် နာဂရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ စစ်ကိုင်းတိုင်း ခန္တီးခရိုင် လဟယ်မြို့ အခြေခံပညာအထက်တန်းကျောင်း၏ မြန်မာ့ပညာရေးမျှော်မှန်းချက် ကမ္ပည်းမော်ကွန်းကျောက်စာနှင့် e-Learning Centre ခန်းမဖွင့်ပွဲအခမ်းအနားကို မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် အဆိုပါကျောင်း၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တက်ရောက်၍ ဗလာစာအုပ်နှင့် သင်ထောက်ကူ ကျောင်းသုံးစာအုပ်များ ပေးအပ်လှူဒါန်းသည်။

အခမ်းအနားကို ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့နှင့်အတူ တိုင်း၊ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ နာဂရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ နိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် ကျောင်းသားကျောင်းသူလေးများက နိုင်ငံတော်သီချင်းအား စုပေါင်းသီဆိုကြသည်။

ကမ္ပည်းမော်ကွန်းဖွင့်လှစ်

ယင်းနောက် ထူးချွန်ကျောင်းသားကျောင်းသူများက မြန်မာ့ပညာရေးမျှော်မှန်းချက် ကမ္ပည်းမော်ကွန်းကျောက်စာအား ရွှေကြိုးဆွဲ၍ ဖွင့်လှစ်ပေးကြသည်။

ထိုအချိန်တွင် ကျောင်းသားကျောင်းသူများက 'ပြည်မြန်မာ' သီချင်းဖြင့် သီဆိုဂုဏ်ပြုကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဦးဆားမူနှင့် ကျောင်းအုပ်ဆရာကြီး ဦးဇော်လွင်တို့က e-Learning Centre ခန်းမကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က e-Learning Centre ခန်းမဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဗလာစာအုပ်များ၊ သင်ထောက်ကူကျောင်းသုံးစာအုပ်များနှင့် စီဒီရွှမ်တို့ကို လဟယ်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ကျောင်းအုပ်ဆရာကြီး ဦးဇော်လွင်ထံသို့လည်းကောင်း၊ နန်းယွန်းမြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် နန်းယွန်းမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇင်ဝမ်ထံသို့လည်းကောင်း ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် e-Learning Center ခန်းမနှင့် သင်ကြားမှုသင်ယူမှု အထောက်အကူပြုစာသင်ခန်းများကို လည်းကောင်း၊ အိမ်တွင်းမှုလက်မှုပညာခန်းတွင် ကျောင်းသူများ၏ နာဂရိုးရာ တဘက်ရက်လုပ်မှု၊ ဇာထိုးပန်းထိုးနှင့် ခြင်းတောင်းရက်လုပ်နေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လမ်းသစ်ဖွင့်ပွဲတက်ရောက်

ထို့နောက် လဟယ်မြို့နယ် စည်ပင် သာယာရေးအဖွဲ့၏ မြို့တွင်းကတ္တရာ လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မွန်းလွဲ ၂ နာရီခွဲတွင် ဟွေထိုက်လမ်းထိပ်ရှိ မုခ်ဦး၌ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့်အဖွဲ့ဝင်များ တက်ရောက်အားပေး ချီးမြှင့်ကြသည်။

အစီအစဉ်အရ လဟယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဆန်းအောင်က မြို့တွင်းကတ္တရာလမ်းသစ်နှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းတို့က မြို့တွင်းကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် မြို့တွင်းကတ္တရာလမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် လဟယ်မြို့ မြို့နယ်ပြည်သူ့ဆေးရုံ (၁၆ခုတင်ဆံ့) သို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မျိုးဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်းလှည့်လည်ကြည့်ရှု စစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ် ဦးမြင့်သူနှင့် ကျောင်းသားများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ကျောင်းသားများ၏ အိပ်ဆောင်နှင့် ကျောင်းရုံးခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကျောင်းစုဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအားတွေ့ဆုံ၍ ကျောင်းဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ သက်သာချောင်ချိရေးတို့အတွက် သီးပင်စားပင်နှင့် နှစ်ရှည်ပင်ဖြစ်သော လက်ဖက်ပင်များကို ကြိုးပမ်း စိုက်ပျိုးကြရန်နှင့် မွေးမြူရေးလုပ်ငန်းများကိုလည်း တိုးချဲ့ လုပ်ကိုင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပညာရေးငွေပဒေသာပင် စိုက်ထူနိုင်ရန်အတွက် ငွေကျပ်တစ်သိန်းကို လည်းကောင်း၊ ဗလာစာအုပ် ဒါဇင် ၅၀ နှင့် အနွေးဘောင်းဘီအထည် ၁၀၀ တို့ကိုလည်းကောင်း ကျောင်းအုပ်ဦးမြင့်သူထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ပညာရေး ငွေပဒေသာပင်အတွက် ငွေကျပ်တစ်သိန်း၊ Diamond Palace Travels & Tours Co., Ltd. အုပ်ချုပ်မှု ဒါရိုက်တာ ဦးသိန်းသန်းက ပညာရေး ငွေပဒေသာပင်အတွက် ငွေကျပ် တစ်သိန်း၊ စုစုပေါင်း ငွေကျပ်ငါးသိန်းတန်ဖိုးရှိ စောင် ၅၅ ထည်၊ ခြင်ထောင် ၅၅ လုံး၊ ခေါင်းအုံး ၅၅ လုံး နှင့် ၂၁ လက်မ ရုပ်မြင်သံကြားစက်တစ်လုံး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းက ပညာရေးငွေပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဦးမြင့်သူက လက်ခံယူသည်။

အလှူတော်ငွေပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် လဟယ်မြို့ ဂန္ဓမာလကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်တော်မူသည့် မြင့်မိုရ်ဦး ရွှေတိဂုံ ပုံတူစေတီတော်အား သွားရောက်ဖူးမြော်ကြပြီး စေတီတော်အတွက် အလှူတော်ငွေများ ပေးအပ်လှူဒါန်းကြကာ လဟယ်မြို့တွင် ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ထမ်းများနှင့်ဒေသခံပြည်သူများ စေတနာထားဆောင်ရွက် မြေရိုင်းများဖော်ထုတ်ပြီး နှစ်ရှည်သီးနှံများ နှစ်စဉ်တိုးတက်စိုက်ပျိုးနိုင်အောင် စည်းရုံးလုပ်ကိုင်

ရန်ကုန် ဇန်နဝါရီ ၁၇

စစ်ကိုင်းတိုင်း ခန္တီးခရိုင် လဟယ်မြို့တွင်ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များနှင့်အတူ ဇန်နဝါရီ ၁၅ရက် နံနက်ပိုင်းတွင် ခန္တီးခရိုင် လဟယ်မြို့ နာဂရိုးရာအားကစားကွင်း၌ ကျင်းပသည့် ၂၀၀၅ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ တက်ရောက်အားပေးပြီး နာဂတိုင်းရင်းသားအကြီးအကဲများအား လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ဆွေးနွေးမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂ နာရီခွဲတွင် လဟယ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် မြို့မိမြို့ဖများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ လဟယ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်း၊ လေရှီးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှထွန်းနှင့် နန်းယွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇင်ဝမ်တို့က စပါးစိုက်ပျိုးမှုအခြေအနေ၊ ဆောင်းသီးနှံစိုက်ပျိုးမှုအခြေအနေ၊ ဒေသဝမ်းစာဖူလုံမှုအခြေအနေ၊ လက်ဖက်နှင့် ကော်ဖီပင် စိုက်ပျိုးပြီးစီးမှုနှင့် ပျိုးထောင်ထားရှိမှုအခြေအနေ၊ မြေရိုင်းဖော်ထုတ်မှုအခြေအနေ၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ခန္တီးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်တင်က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များနှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆွေးနွေး မှာကြားရာတွင် ခန္တီးခရိုင် လဟယ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ပြီး သွားလာရေးလွယ်ကူမှသာ ဖွံ့ဖြိုးလာမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ခန္တီး–လဟယ်လမ်းကို ပြုပြင်ဖောက်လုပ်ပေးလျက်ရှိပြီး လိုအပ်သည့်နေရာများတွင်လည်း တံတားများကို တည်ဆောက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် လဟယ်နှင့် နန်းယွန်းကိုလည်း ရွာချင်းဆက်လမ်းများ ဆောင်ရွက်ပြီး ဆက်လက်အဆင့်မြှင့်တင်သွားရမည်ဖြစ်ကြောင်း။

စည်းရုံးလုပ်ကိုင်

စိုက်ပျိုးရေးနှင့် ပတ်သက်၍လည်း အထွက်နှုန်းကောင်းသည့် တောင်ယာစပါးမျိုးကို ပြောင်းလဲအသုံးပြုရန်နှင့် တောင်ယာများကို ကုန်းမြင့်လယ်ယာအဖြစ် ပြောင်းလဲစိုက်ပျိုးနိုင်ရေးကိုလည်း ဒေသအာဏာပိုင်များက ကူညီဖော်ထုတ်ပေးရန်လိုကြောင်း၊ လဟယ်ဒေသတွင် ရော်ဘာ စိုက်ပျိုးဖြစ်ထွန်းမည့်နေရာများ၌ ရော်ဘာကို စိုက်ပျိုးသွားရမည်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း မြေရိုင်းများကို ဖော်ထုတ်၍ စိုက်ပျိုးသကဲ့သို့ နှစ်ရှည် သီးနှံများဖြစ်သည့် ကော်ဖီ၊လက်ဖက်နှင့် ငရုတ်ကောင်းများကိုလည်း ရည်မှန်းချက်ရှိရှိ နှစ်စဉ်တိုးတက် စိုက်ပျိုးနိုင်အောင် စည်းရုံး လုပ်ကိုင်သွားကြရမည်ဖြစ်ကြောင်း၊ယခုကဲ့သို့ သီးနှံများ စိုက်ပျိုးထွက်ရှိခြင်းဖြင့် ဝယ်ယူသူများ လာရောက်ကြမည် ဖြစ်၍ ဆက်သွယ်ရေးကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးကို အားထည့်လုပ်ကိုင်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှသာ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးများ ဖွံ့ဖြိုးတိုးတက်ပြီး ဒေသတစ်ခုလုံး တိုးတက်လာမည် ဖြစ်ကြောင်း။

ဝန်ထမ်းများအနေဖြင့် မိမိတာဝန်ကျရာ ဒေသဖွံ့ဖြိုးရေးတွင် အဓိကအခန်းကဏ္ဍက ပါဝင်နေကြသူများဖြစ်၍ လုပ်ငန်းတာဝန်များကို စေတနာထားလုပ်ဆောင် သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့လုပ်ငန်းများတွင် ဒေသခံပြည်သူများ ပါဝင်လာအောင် စည်းရုံး လုပ်ကိုင်သွားကြရမည်ဖြစ်ကြောင်း။

တွန်းအားပေး

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရာတွင် အခြေခံအကျဆုံးနှင့် တာဝန်အရှိဆုံးပုဂ္ဂိုလ်ဖြစ်သည့်အတွက် မိမိဒေသရှိ ဝန်ကြီးဌာနများ၏ လုပ်ငန်းများအောင်မြင်အောင် တွန်းအားပေးလုပ်ကိုင်ရန် လိုကြောင်း၊ ထို့ပြင် ကျေးရွာများသို့သွားရောက်၍ လမ်းပန်းဆက်သွယ်ရေးနှင့် အခြား လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးရန် လိုအပ်ကြောင်း။

ခရိုင်တာဝန်ရှိသူများ အနေဖြင့်လည်း မိမိလက်အောက်ရှိ မြို့နယ်များသို့ မကြာခဏ ကွင်းဆင်းသွားရောက်ပြီး မျက်ခြည်မပြတ်ကြပ်မတ်၍ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးရန်လိုအပ်ကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအားလုံး စေတနာထား၍ လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နာဂဒေသသည် မကြာမီအချိန်အတွင်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပညာရေး ငွေပဒေသာပင်အဖြစ် လဟယ်မြို့နယ်၊ နန်းယွန်းနှင့် ပန်ဆောင်မြို့နယ်ကျန်းမာရေး၊ ပညာရေးအတွက် တစ်မြို့နယ်လျှင် ကျပ်၁၀သိန်းစီနှင့်ကျပ်သိန်း၃၀ကိုထောက်ပံ့ပေးအပ်သည်။

ထောက်ပံ့ပေးအပ်

ထို့အပြင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က နန်းယွန်းနှင့်ပန်ဆောင်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းများအတွက် ကွန်ပျူတာ တစ်စုံစီကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက လဟယ်မြို့နယ်တွင် တာဝန်ထမ်းဆောင်နေကြသောဝန်ထမ်းများအတွက် အနွေးအကျီများကို လက်ဆောင်ပေးအပ်ရာ ဝန်ထမ်းများကိုယ်စား လဟယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက လက်ခံယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် လဟယ်မြို့ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိကြပြီး မြို့နယ်သံဃနာယကအဖွဲ့အကျိုးတော်ဆောင် အဆိုပါကျောင်းပဓာန နာယကဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဦးဇောတိသာရ အမှူးပြုသော မြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ သံဃာတော်များအား ဖူးမြော်၍ သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

လှူဒါန်းငွေလက်ခံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လဟယ်မြို့နယ်နှင့်နန်းယွန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း၃၁ကျောင်းနှင့် သီလရှင်ကျောင်းတစ်ကျောင်း အပါအဝင် ကျောင်း၃၂ကျောင်းအတွက် ဆွမ်းကွမ်းဝေယျာဝစ္စအဖြစ် တစ်ကျောင်းလျှင် ငွေကျပ်တစ်သောင်းစီနှင့်လဟယ်မြို့ ဘုန်းတော်ကြီးကျောင်းအတွက် န၀ ကမ္မလှူဒါန်းငွေအဖြစ် ငွေကျပ်တစ်သိန်းအပါအဝင် စုစုပေါင်း ငွေကျပ် ၄၂၀၀၀၀ ကို ပေးအပ် လှူဒါန်းရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက လက်ခံယူသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက သီလရှင်နှစ်ပါးအား သီလရှင်ဝတ်စုံနှစ်စုံကို ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် လဟယ်မြို့ တာလန်ရပ်ကွက်ရှိ ကိုယ့်အားကိုယ်ကိုးအသေးစား ရေအားလျှပ်စစ်စက်ရုံကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါကိုယ့်အားကိုယ်ကိုးအသေးစားရေအားလျှပ်စစ်စက်ရုံမှ တာလန်ရပ်ကွက်အတွက် 3°KV ဓာတ်အားထုတ်လွှတ်ပေးလျက်ရှိကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန လဟယ်မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၏ လက်ဖက်ပျိုးဥယျာဉ်အတွင်းရှိ မဏိပူရလက်ဖက်ပျိုးပင်များကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ညနေပိုင်းတွင် နယ်မြေခံတပ်ရင်းခန်းမ၌ တပ်ရင်းအတွင်းရှိ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သက်သာချောင်ချိရေးတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဒေသနေပြည်သူများနှင့်အတူ လက်တွဲဆောင်ရွက်ရေး၊ လက်ဖက်နှင့် ကော်ဖီနှစ်ရှည်သီးနှံပင်များကို တိုးချဲ့စိုက်ပျိုးရေးတို့နှင့် စပ်လျဉ်း၍ လည်းကောင်း အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် လဟယ်မြို့ နာဂရိုးရာ အားကစားကွင်း၌ ကျင်းပသည့် ၂၀၀၅ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် အောင်မြင်ခြင်းအထိမ်းအမှတ် မီးပုံပွဲသို့ တက်ရောက်အားပေးကြပြီး လဟယ်မြို့တွင်ညအိပ်ရပ်နားကြသည်။

စစ်ကိုင်းတိုင်း ခန္တီးခရိုင် လဟယ်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် ရဟတ်ယာဉ်ဖြင့် လဟယ်မြို့မှ ထွက်ခွာလာရာ ခန္တီးလေဆိပ်သို့ ရောက်ရှိကြပြီး မြန်မာ့လေကြောင်းလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ကျောဖုံးမှ

ထို့နောက် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ ကျွေးမွေးဧည့်ခံရေး ဆပ်ကော်မတီ၊ ဝန်ထမ်းများကျွေးမွေးဧည့်ခံရေးလုပ်ငန်းအဖွဲ့၊ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီနှင့် ပရိဘောဂဖြည့်တင်းရေးဆပ်ကော်မတီတို့မှ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများက မိမိတို့ဆပ်ကော်မတီအလိုက်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများက မိမိတို့ဌာနအလိုက်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် သဘာပတိ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင်က လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

လုပ်ငန်းညှိနှိုင်း အစည်းအဝေးအပြီးတွင် အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်သည် စီမံခန့်ခွဲမှုကော်မတီဝင်များနှင့်အတူ အမျိုးသားညီလာခံကျင်းပရေးနှင့် စပ်လျဉ်း၍ မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်း၌ ဆပ်ကော်မတီအလိုက် လုပ်ငန်းများပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၈–၁–၂၀၀၅
(အင်္ဂါနေ့)
နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	ကဗျာပန်းဥယျာဉ်
၈း၀၅	၆။	အကပြိုင်ပွဲ
၈း၁၀	၇။	နှောင်းခေတ်တေးပဒေသာ
၈း၂၀	၈။	လမူးတံတား
၈း၃၀	၉။	International News
၈း၄၅	၁၀။	Let's Go.

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use.
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သတ္တဗေဒ အထူးပြု) (သတ္တဗေဒ)
၁၇း၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇း၃၀	၇။	ခံစားနားဆင်တေးဓာတ်ဝင်
၁၇း၄၅	၈။	ဆိုကြမယ် ပျော်ကြမယ်
၁၈း၁၅	၉။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဝူခုန်း" (အပိုင်း–၆၀)**
၁၈း၃၀	၁၀။	ညနေခင်းသတင်း
၁၉း၀၀	၁၁။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၂။	Myanmar ICT Week ဂုဏ်ပြုအစီအစဉ်
၁၉း၁၅	၁၃။	မြန်မာစာ မြန်မာစကား
၁၉း၂၀	၁၄။	ငယ်စဉ်အခါပညာရှာ
၁၉း၄၅	၁၅။	**မောင်မြန်မာလျှပ်စစ်စက်ဘီး** ရီဝေယံ၊ စောနိုင် (ရှမ်းပြည်နယ်)၊ ပုလဲဝင်း (ဒါရိုက်တာ–တင်အောင်ရွှေ၊ သုတေသီ)
၁၉း၅၀	၁၆။	ကြေးမုံရိပ်သွင်တေးနယ်ဉ်
၂၀း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **"သံစဉ်မဲ့ချစ်သူ" (အပိုင်း– ၃၁)**

တပ်မတော်နေ့စစ်ချီစစ်ရေးတေးသီချင်းပြိုင်ပွဲ ပြိုင်ပွဲဝင်တေးများ သတ်မှတ်ရက်အမီပေးပို့ရေးထပ်မံနှိုးဆော်

ရန်ကုန် ဇန်နဝါရီ ၁၇

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ချီစစ်ရေးတေးပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီက တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီစစ်ရေးတေးပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာခဲ့ပြီးဖြစ်သည်။ ပြိုင်ပွဲဝင်တေးများ နောက်ဆုံးပေးပို့ရမည့်ရက်မှာ မူလက ၃၁–၁၂–၂၀၀၄ ရက် သတ်မှတ်ထားသော်လည်း နယ်မှပြိုင်ပွဲဝင်လိုသူများနှင့် တပ်မတော်မှ အနုပညာရှင်များ ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် နောက်ဆုံးပေးပို့ရမည့်ရက်ကို ယခု ဇန်နဝါရီ၂၈ရက်အထိ တိုးမြှင့်လိုက်သည်။

ထို့ကြောင့် ပြိုင်ပွဲဝင်တေးများကို အတွင်းရေးမှူး တပ်မတော်နေ့စစ်ချီစစ်ရေးတေးပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ သတ်မှတ်ရက်အချိန်မီပေးပို့ရန် ထပ်မံနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ၃ရက်က ကျင်းပသော အမှတ်(၁၇) အခြေခံပညာ မူလတန်းကျောင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မိဘဆရာကျောင်းသားစုံညီပွဲတော်နှင့် ဘက်စုံ ပညာရည်ချွန်ဆုပေးပွဲတွင် ဒုတိယတန်းမှ မယမင်းဥမ္မာဖျော်ဖြေစဉ်။(က–ပ)

ရွှေသာသနာ ရွှေမြန်မာ ရွှေညီလာ(၂)

(က)

ရွှေသာသနာကို ရွှေမြန်မာမှတစ်ဆင့် ကမ္ဘာတစ်ခွင် မြေပြင်တစ်လွှား ပြန့်ပွားထွန်းကားစိမ့်သောငှာ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပအပ်သည့် ရွှေညီလာဟုဆိုအပ်သော ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး ဖွင့်ပွဲမင်္ဂလာ အခမ်းအနား၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘုရားကြီးထံမှပေးပို့သောသဝဏ်လွှာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဩဘာသိဝံသက ဖတ်ကြားတော်မူရာတွင် "ကမ္ဘာအရပ်ရပ်ရှိ ဗုဒ္ဓဘာသာဝင် အားလုံးတို့ စည်းလုံးညီညွတ်စွာဖြင့် သာသနာရေး သာသနာမှုကိစ္စများကို တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါက ဗုဒ္ဓသာသနာတော်မြတ်ကြီးသည် ဤကမ္ဘာတစ်ဝန်းလုံး၌ နေတစ်ထောင် လတစ်ထောင်ပမာ ထွန်းလင်း တောက်ပလျက် ကာလရှည်ကြာ တည်နေမည်သာဖြစ်ပါသည်" ဟူသော စကားရပ်ဖြင့် စည်းလုံးခြင်းအင်အား၊ ပေါင်းစည်းခြင်းအင်အားတို့ကို ထင်ရှားစွာ မီးမောင်းထိုးပြတော်မူ၏။

ထို့ပြင် ယနေ့ကမ္ဘာကြီး ဒုက္ခဆိုက်နေပုံနှင့် ယင်းဒုက္ခမှ လွတ်မြောက်နည်းကို ဤသို့ ထင်းထင်းထင် မိန့်ကြားတော်မူ၏။

"ယခုအခါ သတ္တလောကဟုခေါ်ဆိုအပ်သော ကမ္ဘာသူ ကမ္ဘာသားအများစုကြီးသည် ရာဂမီး၊ ဒေါသမီးတို့ တညီးညီးတပြောင်ပြောင် အလောင်မြိုက်ခံနေရခြင်းကြောင့် ဘေးဒုက္ခအမျိုးမျိုးတို့နှင့် တွေ့ကြုံနေကြရပေသည်။ ရာဂမီး၊ ဒေါသမီး၊ မောဟမီးတို့ကို အရိယမဂ္ဂင်ရှစ်ပါးတည်းဟူသော ရေစင်ရေအေးဖြင့် ငြိမ်းသတ်နိုင်မှသာ ဤကမ္ဘာလောကကြီးသည် ငြိမ်းချမ်းရေး ရနိုင်ပေလိမ့်မည်။"

ထို့နောက် ဆရာတော်ဘုရားကြီးက ငြိမ်းချမ်းရေးစကားလုံးကို နှုတ်နှင့် အော်ဟစ်နေရုံမျှဖြင့် အကောင်အထည်ပေါ်လာမည်မဟုတ်ဘဲ အမှန်တကယ် ရာဂ၊ ဒေါသ၊ မောဟ မီးများကို ငြိမ်းသတ်ခြင်းဖြင့်သာ ကမ္ဘာလောကကြီး ငြိမ်းချမ်းမည်ဖြစ်ပြီး ကမ္ဘာကြီးတစ်ခုလုံး ငြိမ်းချမ်းရေးရမည်ဖြစ်ကြောင်း မြွက်ကြားကာ ဤသို့ ဆော်ဩတော်မူပါ၏။

"ထို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်အားလုံးတို့သည် ငြိမ်းချမ်းသာယာ၍ စည်ပင်ဝပြောသော ကမ္ဘာကြီးအဖြစ်သို့ရောက်အောင် မိမိတို့ကိုယ်တိုင်လည်း ရာဂ၊ ဒေါသ၊ မောဟဟူသော ကိလေသာမီးတို့ကို အရိယမဂ္ဂင် ရေစင်ရေအေးဖြင့် တတ်စွမ်းသမျှ ငြိမ်းသတ်ကြ၍ ကမ္ဘာသူကမ္ဘာသား အများစုတို့လည်း ရာဂ၊ ဒေါသ၊ မောဟဟူသော ကိလေသာမီးတို့ကို အရိယမဂ္ဂင် ရေစင်ရေအေးဖြင့် ငြိမ်းသတ်နိုင်ကြစေရန် သာသနာတော်၏ အနှစ်အမြုတေဖြစ်သော အရိယမဂ္ဂင်ရှစ်ဖြာ သိက္ခာသုံးရပ် အကျင့်မြတ်ကို ကမ္ဘာအနှံ့ ပြန့်ပွားအောင် စုပေါင်းညီညာစွာဖြင့် အားထုတ်ကြစေလိုပါသည်"

ထိုမှတစ်ပါး လာအိုနိုင်ငံ လာအိုဗုဒ္ဓဘာသာသင်္ဂဟအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဒေါက်တာ ဝိချစ်သဃ်ရာဇ် အရှင်သူမြတ်ကလည်း သဝဏ်လွှာပေးပို့ခဲ့ရာဝယ် သဝဏ်လွှာ၌ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို မြန်မာနိုင်ငံမှာ ကျင်းပသည့်အတွက် များစွာ နှစ်ထောင်းအားရဖြစ်ကာ ဂုဏ်ပြုချီးကျူးပါကြောင်း၊ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးခေါင်းဆောင်များ စုဝေး၍ လူသားအားလုံး၏ ငြိမ်းချမ်းရေး၊ ချစ်ကြည်ရေး၊ သွေးစည်းညီညွတ်ရေးနှင့် ပျော်ရွှင်ချမ်းမြေ့မှုတို့ တိုးတက် မြင့်မားလာစေရေးအတွက် ဗုဒ္ဓမြတ်စွာ၏ ဆုံးမသွန်သင်ညွှန်ပြချက်များ ပိုမိုပြန့်ပွားစေရန် ကမ္ဘာတစ်ဝန်းလုံးသို့ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးရာတွင် မည်သို့မည်ပုံ ဆောင်ရွက်သင့်ကြသည်ကို ဆွေးနွေးတိုင်ပင် အမြင်ချင်းဖလှယ်နိုင်ကြမည် ဖြစ်ကြောင်းတို့ကို ထည့်သွင်းရေးသား ချီးမြှင့်တော်မူပါသည်။

(ခ)

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး ဖွင့်ပွဲမင်္ဂလာအခမ်းအနား၌ ပဓာန အကျဆုံးဖြစ်သော မူဝါဒဆိုင်ရာမိန့်ခွန်း (Keynote Speech)ကို နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကိုယ်စား သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရက မြွက်ကြားရာ ယင်းမိန့်ခွန်းသည် စိတ်ဝင်စားဖွယ်၊ ဉာဏ်ဝင်စားဖွယ် ဖြစ်လေတော့၏။

"ရွှေရောင်လွှမ်းတဲ့ မိမိတို့မြန်မာ့မြေပေါ်က ကြိုဆိုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ရွှေရောင်စေတီပုထိုးများ၊ ရွှေရောင်လယ်ကွင်းများနဲ့ ရွှေရောင်တရားဓမ္မတို့ကြောင့် ဒီနိုင်ငံကို ရွှေနိုင်ငံလို့ မိမိတို့ တင်စားခေါ်ဆိုကြပါတယ်"

ကမ္ဘာ့ဗုဒ္ဓဘာသာ ခေါင်းဆောင်များ၊ ကမ္ဘာ့ဗုဒ္ဓဘာသာ သုတေသီ ပညာရှင်များ၊ တက်ရောက်ကြသူများအားလုံးတို့၏ စိတ်မျက်လုံးများထဲသို့ ရွှေတိဂုံစေတီတော်ကြီးကိုလည်းကောင်း၊ တစ်မျှော်တစ်ခေါ် ကွင်းလုံးဝင်း လယ်ကွင်းပြင်များကိုလည်းကောင်း၊ အရိယမဂ္ဂင်အထွတ်တင်သည့် မေတ္တာတရား၊ ကရုဏာတရား၊ ခန္တီတရားစသော ဓမ္မတို့ကိုလည်းကောင်း သိမ်မွေ့စွာ သွင်းလိုက်သည့် စကားလုံးများ ဖြစ်ပါ၏။ အမှန်တော့ ယင်းမူဝါဒမိန့်ခွန်း ကိုယ်နှိုက်ကပင် ရွှေမိန့်ခွန်းဖြစ်ပါ၏။

ကြည့်ပါ–

(၁) ဗုဒ္ဓဘာသာနိုင်ငံများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးပွားလာစေဖို့၊
(၂) ဗုဒ္ဓဘာသာ နိုင်ငံတွေမှာ ဗုဒ္ဓဘုရားရှင်(ဟောကြားခဲ့တဲ့) အဆုံးအမတော်တွေနဲ့ (ဘုရားရှင်လမ်းညွှန်ခဲ့တဲ့)ကျင့်စဉ်တွေကို ထိန်းသိမ်းထားဖို့၊
(၃) ကမ္ဘာ့နိုင်ငံတွေမှာ ပိဋကတ်စာပေလေ့လာသင်ကြားတာကို အခြေပြုတဲ့ ဗုဒ္ဓဘာသာဆိုင်ရာ ပညာရေးထွန်းကားလာစေဖို့၊
(၄) ဗုဒ္ဓဘာသာဝင်တို့က ငြိမ်းချမ်းတဲ့ ကမ္ဘာလောကကြီး ဖော်ဆောင်ဖန်တီးနေတာကို အထောက်အကူပြုဖို့၊
(၅) ဗုဒ္ဓဘုရားရှင်ရဲ့ မူလအဆုံးအမတော်တွေကို ကမ္ဘာတစ်ဝန်းမှာ ပြန့်ပွားလာစေဖို့။

ယင်း(၅)ရပ်သည် ဤကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး ကျင်းပရခြင်း၏ ရည်ရွယ်ချက်ပင် ဖြစ်တော့သည်။ ကျယ်ပြန့်စွာ လှုပ်ရှားနိုင်သည့် မူသဘောပင် ဖြစ်တော့သည်။ ဆက်စပ်စဉ်းစားသုံးသပ်နိုင်ရန် မိန့်ခွန်းပါ စာသားတစ်ခုကို တိုက်ရိုက်ထုတ်ဆောင်ပြပါမည်။

"ဗုဒ္ဓဝါဒီအမျိုးမျိုးက မတူညီသော အစဉ်အလာဝါဒတွေကို လက်ခံကျင့်သုံးနေကြပေမယ့် အရိယမဂ်၊ အရိယသစ္စာတို့နဲ့ ပတ်သက်ပြီး အငြင်းပွားခြင်း မရှိပါ။ ဒါက ဗုဒ္ဓဘာသာရဲ့ ထူးခြားချက်တစ်ရပ် ဖြစ်ပါတယ်"

ဤတွင် ထပ်မံ၍ စဉ်းစားသုံးသပ်နိုင်ရန်နှင့် ဉာဏ်ဖြင့် လက်ခံနိုင်ရန် ကောက်နုတ်ဖော်ပြဖွယ် စကားတစ်ရပ်ကို ထုတ်နုတ် တင်ပြပါဦးမည်။ ယင်းစကားရပ်မှ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး အောင်ပွဲနေ့(၂၀၀၄ ဒီဇင်ဘာ ၁၁)၌ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာအရှင်သီလာနန္ဒာဘိဝံသ မိန့်ကြားခဲ့သော နိဂုံးချုပ်ဩဝါဒကထာ၌ ပါရှိသည့် ဩဝါဒတော် ဖြစ်ပါ၏။

"အမှန်အတိုင်း ပြောရမယ်ဆိုရင် ထေရဝါဒ၊ မဟာယာန၊ ဝဇီရာယာနဆိုတဲ့ နာမည်ပညတ်ချက်တွေ မပါဘဲ ဗုဒ္ဓဘာသာဝင်အားလုံး တစ်ဖွဲ့တည်းဖြစ်လာဖို့ လုံးဝမဖြစ်နိုင်ပါဘူး။ ဒါပေမယ့် ဂိုဏ်းအားလုံးနဲ့သက်ဆိုင်တဲ့ ဗုဒ္ဓရဲ့ တရားတော်တွေရှိပြီးတော့ ဒီတရားတော်တွေကို ဗုဒ္ဓရဲ့ စစ်မှန်တဲ့တရားဒေသနာတော်တွေအဖြစ် ဗုဒ္ဓဘာသာဝင်အားလုံး (အနိုင်နိုင်ငံရှိ ဗုဒ္ဓဘာသာဝင်အားလုံး)က လက်ခံကောင်း လက်ခံနိုင်ကြမှာပါ။ ဒီတရားတော်တွေကို ဦးတည်ပြီး မိမိတို့ နိုင်ငံတွေမှာရော ပြည်ပနိုင်ငံများမှာပါ ကမ္ဘာတစ်ဝန်း ဗုဒ္ဓသာသနာတော် ပြန့်ပွားအောင် ဆောင်ရွက်ကြရမှာပါ။

"သစ္စာလေးပါး တရားတော်ကို သာဓကပြလိုပါတယ်။ ဒီတရားတော်ကို မြတ်ဗုဒ္ဓရဲ့ စစ်မှန်တဲ့ တရားဒေသနာတော်ဖြစ်တယ်လို့ ဗုဒ္ဓဘာသာဂိုဏ်းအားလုံးက ယုံကြည်လက်ခံထားကြပါတယ်။ ဒါကြောင့် ဒီတရားတော်ကို ကမ္ဘာတစ်ဝန်းပျံ့နှံ့အောင် ဟောကြားကြဖို့အတွက် မိမိတို့ ပူးပေါင်း ဆောင်ရွက်နိုင်ကြမှာပါ။

ရတနာစည်ဆရာတော်(လှိုင်လင်)

"သစ္စာလေးပါးထဲက တစ်ပါးဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးလမ်းစဉ်ကလဲ အရေးပါတဲ့ တရားတော်ဖြစ်လို့ မိမိတို့ကိုယ်တိုင် အရင်ကျင့်ကြံပြီး ကမ္ဘာတစ်ဝန်း ဟောကြားကြရမှာ ဖြစ်ပါတယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ တရားတော်တွေကလဲ ဗုဒ္ဓဘာသာဝင်တွေ အားလုံးလက်ခံတဲ့ တရားတော်တွေ ဖြစ်ပါတယ်။ မိမိတို့အားလုံး သဘောတူလက်ခံကြလို့ ဒီတရားတော်တွေကိုလဲ ဟောကြားနိုင်ကြမှာ ဖြစ်ပါတယ်။

"ပိုးမွှားလေးတွေအထိ ခြွင်းချက်မထားဘဲ မေတ္တာ၊ ကရုဏာထားဖို့ဆိုတဲ့ မေတ္တာတရားတော်ကလဲ မြတ်ဗုဒ္ဓရဲ့ ထင်ရှားတဲ့ တရားတော်ဖြစ်ပြီး မိမိတို့ကမ္ဘာတစ်ဝန်း ဟောကြားနိုင်ကြမှာ၊ ဟောကြားကြမှာ ဖြစ်ပါတယ်။ အရင်ဆုံး မိမိကိုယ်တိုင် ကျင့်သုံးပြီးမှ ကမ္ဘာတစ်ဝန်း ဟောကြားကြရမှာပါ။ ဗုဒ္ဓဘာသာဂိုဏ်းအားလုံးက လက်ခံတဲ့ တခြား တရားတော်တွေလဲ ရှိပါတယ်။ အဲဒီ တရားတော်တွေကိုလဲ ဟောကြားဖို့ ကြိုးစားကြရမှာပါ။

"အားလုံးနဲ့ သက်ဆိုင်တဲ့ တရားတော်တွေဖြစ်တဲ့ ဗုဒ္ဓဘာသာတရားတော်တွေနဲ့ ကမ္ဘာလောကကြီးကို ငြိမ်းချမ်းရေးနဲ့ သဟဇာတရှိမှု ထွန်းကားတဲ့နေရာတစ်ခုအဖြစ် ဖန်တီးနိုင်မှာ ဖြစ်ပါတယ်။"

ဆရာတော်ကြီးနှစ်ပါး မိန့်ကြားကြသည့်မိန့်ခွန်းများ၌ ပါရှိသည့် ဖော်ပြပါအချက်အရပ်တို့ကို ဆက်စပ်စဉ်းစား ဉာဏ်ပွားခြင်းဖြင့် တစ်စုံတစ်ခုသော အလင်းဓာတ် သို့မဟုတ် တစ်စုံတစ်ခုသော အဖြေမှန် ဧကန်မြင်သိ ထိတွေ့ရပါမည်။

"အင်အားကြီးသူက အင်အားငယ်သူကို လွှမ်းမိုးအုပ်ချုပ်နေပြီး ချမ်းသာသူတွေက ဒုက္ခရောက်နေသူများနဲ့ မိမိတို့ရဲ့စည်းစိမ်ဥစ္စာတွေကို မျှဝေခံစားဖို့ ဝန်လေးနေတဲ့ တည်ငြိမ်မှုကင်းမဲ့နေတဲ့ ကမ္ဘာလောကကြီးမှာ ဗုဒ္ဓဘုရားရှင် ဟောကြားခဲ့တဲ့ သည်းခံရေးနဲ့ မေတ္တာ ကရုဏာ ထားရေးဆိုတဲ့ တရားတော်တွေ ပျံ့နှံ့စေဖို့ ဒီဗုဒ္ဓဘာသာထိပ်သီးညီလာခံတွေက စွမ်းဆောင်နိုင်လိမ့်မယ်ဆိုတာ သံသယဖြစ်စရာ မရှိပါ"

သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ မူဝါဒမိန့်ခွန်းပါ အချက်အလက်တို့ကို ဆက်လက်တင်ပြရပါလျှင် မြန်မာနိုင်ငံ၌ ကျင်းပသည့် ဤကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးမှာ ကမ္ဘာ့ဗုဒ္ဓဘာသာ ခေါင်းဆောင်များ ဆွေးနွေးတိုင်ပင် အမြင်ညှိနှိုင်းကြလျက် အားလုံးက လက်ခံယုံကြည်ထားသည့် မြတ်ဗုဒ္ဓ၏ ဓမ္မများကို ကမ္ဘာတစ်ဝန်းပျံ့နှံ့အောင် ကြိုးပမ်းစွမ်းဆောင်နိုင်လိမ့်မည်သာဖြစ်ကြောင်းဖြင့် မူဝါဒမိန့်ခွန်းက ဤသို့ မိန့်မြွက်ထား၏။

"ဗုဒ္ဓဘာသာခေါင်းဆောင်တွေ မကြာခဏ တွေ့ဆုံဆွေးနွေးကြတာက (မြတ်ဗုဒ္ဓရဲ့) တရားဒေသနာတော်တွေ ထွန်းကားပြန့်ပွားဖို့အတွက် အထောက်အကူဖြစ်စေမယ်လို့ မြတ်ဗုဒ္ဓကိုယ်တော်တိုင် ဟောကြားခဲ့ပါတယ်။ မှန်မှန်တွေ့ဆုံ ဆွေးနွေးကြဖို့ မြတ်ဗုဒ္ဓ ဆုံးမလမ်းညွှန်တော်မူခဲ့တဲ့အတိုင်း ဗုဒ္ဓဘာသာရဲ့ အဓိကဝါဒကွဲများဖြစ်တဲ့ ထေရဝါဒ၊ မဟာယာနနဲ့ တိဘက်ဗုဒ္ဓဘာသာ ဂိုဏ်းဝင်တို့ဟာ အခု ဒီဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးမှာ တွေ့ဆုံပြီး စည်းလုံးညီညွတ်ရေးနဲ့ (သာသနာတော်) ပြန့်ပွားရေးဆိုင်ရာတွေကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

"အင်အားကြီးသူက အင်အားငယ်သူကို လွှမ်းမိုးအုပ်ချုပ်နေပြီး ချမ်းသာသူတွေက ဒုက္ခရောက်နေသူများနဲ့ မိမိတို့ရဲ့စည်းစိမ်ဥစ္စာတွေကို မျှဝေခံစားဖို့ ဝန်လေးနေတဲ့ တည်ငြိမ်မှုကင်းမဲ့နေတဲ့ ကမ္ဘာလောကကြီးမှာ ဗုဒ္ဓဘုရားရှင် ဟောကြားခဲ့တဲ့ သည်းခံရေးနဲ့ မေတ္တာကရုဏာထားရေးဆိုတဲ့ တရားတော်တွေ ပျံ့နှံ့စေဖို့ ဒီဗုဒ္ဓဘာသာထိပ်သီးညီလာခံတွေက စွမ်းဆောင်နိုင်လိမ့်မယ်ဆိုတာ သံသယဖြစ်စရာ မရှိပါ"

ဆက်လက်၍ လူ၏အဓိပ္ပာယ်နှင့် ဝါဒနှစ်ရပ်အကြောင်းကို ထည့်သွင်းမိန့်ကြားသွား၏။ လူ၏အဓိပ္ပာယ်ကို "**ကုသလာကုသလံ**= အကောင်းနှင့်အဆိုးကို။ **ဇာနာတိ**=သိတတ်၏။ **ဣတိ**= ထို့ကြောင့်။ **မနုဿော**=လူမည်၏" ဟူသော ဖွင့်ဆိုချက်ကိုးကား၍ မိန့်ကြား၏။ ယင်းသို့ အကောင်းနှင့် အဆိုး၊ အကြောင်းနှင့်အကျိုး သိမြင်ခြင်းမရှိသေးမီ ကာလများတုန်းကတော့ ထိုလူဆိုသော သတ္တဝါသည် သတ္တဝါတို့၏ နိယာမအတိုင်း ကြောက်ရွံ့စိတ်၊ ထိတ်လန့်စိတ်တို့၏ ဖိစီးမှုခံခဲ့ရ၏။ ယင်းကြောက်ရွံ့စိတ်၊ ထိတ်လန့်စိတ်မှ လွတ်မြောက်ရာ ထွက်ပေါက်ရှာဖွေသောအခါ တစ်စုံတစ်ခုကို အားကိုးရာပြုနိုင်လျှင်၊ တစ်စုံတစ်ခုကို ကိုးကွယ်လိုက်နိုင်လျှင် ထွက်ပေါက်ရလာလိမ့်မည်ဟု အထင်ရှိလာခဲ့၏။

ထို့ကြောင့် ထိုလူဆိုသော သတ္တဝါသည် ထိတ်လန့်ခြင်းမှ လွတ်မြောက်ရန် တောကိုးကွယ်၊ တောင်ကိုးကွယ်၊ နေကိုးကွယ်၊ မီးကိုးကွယ်ဖြင့် ထင်ရာ၊ မြင်ရာ၊ ထန်ရာ၊ သန်ရာ ကိုးကွယ်လာရာမှ တောတောင်နေမီးတို့ကို ဖန်ဆင်းနိုင်သည့် တန်ခိုးရှင်ကိုးကွယ်မှုဝါဒအထိ ဖြစ်ပေါ်မှုဖြစ်စဉ်ရေစီး၌ ထိုလူသား မျောပါခဲ့ရ၏။ ကမ္ဘာကိုဖန်ဆင်းနိုင်သော တန်ခိုးရှင်ကိုးကွယ်မှုဟူသည့် ကောင်းကင်ဗဟိုချက် ဝါဒလွှမ်းမိုးနေစဉ် ကာလ၌ပင် မြတ်ဗုဒ္ဓပွင့်ထွန်းတော်မူလာပြီး လူသား၏ ဘဝပြဿနာကို လူသားထဲမှာပင် အဖြေရှာနိုင်ကြောင်း အခိုင်အမာ ဟောကြားညွှန်ပြနိုင်သဖြင့် လူသားဗဟိုချက်ဝါဒ ပြန့်ပွားလာကာ အမှန်တကယ်ပင် လူသားဗဟိုချက်ဝါဒကြောင့် လူသားတစ်ဦးချင်းစီ အကောင်းနှင့်အဆိုး၊ အကြောင်းနှင့်အကျိုးကို သိမြင်လာကြလျက် အမြင်အားလျော်စွာ ကျင့်သုံးနိုင်ရကား လူသားတစ်ဦးချင်းစီ ထိတ်လန့်ခြင်းမှ လွတ်မြောက်လာရကုန်တော့၏။

"ဒီမြတ်ဗုဒ္ဓရဲ့ တရားဓမ္မကို လူတစ်ဦးချင်းစီက လိုက်နာကျင့်ကြံရင် လူတစ်ဦးချင်း ငြိမ်းချမ်းမှုကို ရရှိမှာဖြစ်ပြီး အဲဒီတစ်ဦးချင်းစီရဲ့ ငြိမ်းချမ်းမှုက တစ်ကမ္ဘာလုံးငြိမ်းချမ်းရေးကို ဖော်ဆောင်ဖို့လမ်းစ ဖြစ်ပါတယ်"

တစ်ဦးချင်းငြိမ်းချမ်းခြင်းမှ တစ်မိသားစုငြိမ်းချမ်းခြင်းသို့၊ တစ်မိသားစုငြိမ်းချမ်းခြင်းမှ ဆက်၍ဆက်၍ တစ်ကမ္ဘာလုံးငြိမ်းချမ်းခြင်းသို့ ရောက်သည်အထိ ဆက်လက်လျှောက်လှမ်းကြရမည့် ခရီးဝယ် လူအင်အား၊ ငွေကြေးအင်အား၊ ပစ္စည်းအင်အား၊ စိတ်ဓာတ်အင်အားဟူသော အင်အားကြီးလေးရပ် လိုအပ်ကြောင်းနှင့် ယင်းအင်အားကြီးလေးရပ် စုစည်းမိစေရန် ယခုလို ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးများ မကြာခဏကျင်းပဖို့ လိုအပ်ကြောင်း မိန့်ကြားလေ၏။

"ကမ္ဘာအရပ်ရပ် နိုင်ငံအသီးသီးမှာ ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံတွေ အသီးသီး အမျိုးမျိုးကျင်းပခဲ့တဲ့ အကျိုးဆက်ဟာ ဗုဒ္ဓဘာသာဝင်တွေ စည်းလုံးညီညွတ်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ကြရေး၊ အချင်းချင်းအပြန်အလှန်နားလည်မှု ရရှိရေးအတွက် အင်အားတွေ၊ ခွန်အားတွေ ရရှိခဲ့ကြပါတယ်။ ဒီညီလာခံများရဲ့ အကျိုးကျေးဇူးကြောင့် ထေရဝါဒီတွေ၊ မဟာယာနနဲ့ တိဘက်ဗုဒ္ဓဘာသာဝင်တွေ တစ်ယောက်အကြောင်းတစ်ယောက် ပိုမိုသိရှိနားလည်လာခဲ့ကြပါတယ်။ ပုဂ္ဂိုလ်ရေး ချစ်ကြည်ရင်းနှီးမှုတွေလဲ ရရှိခဲ့ကြပါတယ်။

"တစ်ဆင့်တက်ပြီး မိမိတို့ ပြောဆိုယူဆချက်တွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့အတွက် စီမံချက်ချမှတ်လုပ်ဆောင်ဖို့ လိုအပ်နေပါသေးတယ်။ အနာဂတ်မှာ မိမိတို့အချင်းချင်း ပိုမိုပူးပေါင်းဆက်သွယ်ဖို့၊ အထူးသဖြင့် တက္ကသိုလ်တွေနဲ့ ဘုန်းကြီးကျောင်းတွေ အချင်းချင်း ချိတ်ဆက်ထားတာတို့၊ ပညာသင်တွေ လဲလှယ်ကြတာတို့ ပြုလုပ်သင့်ပါတယ်။ နိုင်ငံတကာ ဗုဒ္ဓဘာသာခေါင်းဆောင်တို့ရဲ့ အချင်းချင်း ဆွေးနွေးပွဲတွေဟာ မရှိမဖြစ် လိုအပ်တဲ့အတွက် ဆွေးနွေးပွဲတွေနဲ့ အမြင်ချင်းဖလှယ်မှုတွေကို မှန်မှန်ပြုလုပ်သွားသင့်ပါတယ်။ မိမိတို့အနေနဲ့ ဒီလိုဆွေးနွေးပွဲတွေမှာ နားလည်ခြင်း၊ သည်းခံခြင်းနဲ့ ခွင့်လွှတ်ခြင်းတွေကို လက်ကိုင်ထားပြီး မိမိတို့အားလုံးရဲ့ ဦးတည်ချက်အောင်မြင်ရေးကိုရှေးရှုပြီး ပါဝင်ဆွေးနွေးသင့်ပါတယ်"

သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရက ဆက်လက်၍ ကမ္ဘာ့ဗုဒ္ဓဘာသာဝင်အားလုံး စည်းလုံးညီညွတ်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအတွက် စီမံချက်ချမှတ်ဆောင်ရွက်ရာတွင် အဖွဲ့အစည်းတစ်ရပ်အသွင်ဖွဲ့စည်းဖို့ လိုအပ်မှာဖြစ်ကြောင်းနှင့် ယင်းသို့ဖြစ်ထွန်းလာစေရန် ယခုကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးက စွမ်းဆောင်ပေးနိုင်ပါစေကြောင်းဖြင့် မိန့်ကြားကာ ဤသို့ နိဂုံးဆုမွန် ခြွေတော်မူ၏။

"ဗုဒ္ဓဘာသာခေါင်းဆောင်တွေဟာ ပြင်ပအသွင်သဏ္ဌာန်၊ အစဉ်အလာဝါဒ၊ ယဉ်ကျေးမှုတို့ကွာခြားကြပေမယ့် မေတ္တာ၊ ခန္တီ၊ ကရုဏာနဲ့ ပညာတို့ကို နှလုံးသား၌ တန်ဖိုးထားသိုမှီးထားရာမှာတော့ တူညီကြပါတယ်။ မြတ်ဗုဒ္ဓသွန်သင်ညွှန်ပြတဲ့ အင်္ဂါရှစ်ပါးရှိတဲ့ အရိယမဂ်ဟာ မိမိတို့အတူတကွ လျှောက်လှမ်းကြရမယ့် လမ်းဖြစ်ပြီး (နိဗ္ဗာန်ဆိုတဲ့) နိရောဓသစ္စာက မိမိတို့ မလွဲမသွေ ရောက်ရှိကြရမယ့် ပန်းတိုင်ဖြစ်ပါတယ်။

"ဒါကြောင့် မိမိတို့အားလုံး အရိယမဂ်ဆိုတဲ့ ဘုံလမ်းမကြီးပေါ်မှာ အတူ လက်တွဲလျှောက်လှမ်းကြပြီး မိမိတို့ပန်းတိုင်ဖြစ်တဲ့ နိဗ္ဗာန်မှာ ဆုံတွေ့ကြပါစို့လို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်"

ရွှေသာသနာကို ရွှေမြန်မာမှတစ်ဆင့် ကမ္ဘာတစ်လွှား ထွန်းကားပြန့်ပွားစိမ့်သောငှာ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပအပ်သော ရွှေညီလာဟုဆိုအပ်သည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး၏ အသံသည် နဘံရိုက်ဟည်း ကမ္ဘာကြီးကို လွှမ်းသွားမည်သာ ဖြစ်ပါတော့၏။

သို့ဖြင့် ဗုဒ္ဓဘာသာတရား ကမ္ဘာတစ်လွှား ထွန်းကားပြန့်ပွားကာ ခန္တီ၊ မေတ္တာ၊ ကရုဏာနှင့် ပညာတရား နှလုံးသားမှာကိန်းအောင်းနေအောင် မီးစိမ်းမြဲမြဲ ပြနေကြရမည်ဖြစ်ပါသတည်း။ ။

18-1 (10).p65 1 3/24/05, 9:54 PM

ဒေါက်တာဘဒ္ဒန္တ ဓမ္မပိယ (သာသနဓဇ ဓမ္မာစရိယ Ph.D) အား ဂုဏ်ပြုပူဇော် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် သာသနာရေးဆိုင်ရာများ လျှောက်ထား

ရန်ကုန် ဇန်နဝါရီ ၁၇

အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုမြို့ ကာလီဖိုးနီးယားတက္ကသိုလ်မှ Nibbana in Theravada Perspective စာတမ်းဖြင့် Ph.D(Philosophy)ဘွဲ့ကို ရရှိတော်မူခဲ့သည့် အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် ဖရီးမောင့်မြို့ မေတ္တာနန္ဒဝိဟာရ ဓမ္မရိပ်သာ၊ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ငါးကျမ်းပြန် (ထားဝယ်) သာသနာ့ရိပ်သာနှင့် မန္တလေးမြို့ မေတ္တာနန္ဒ ဓမ္မဒူတကျောင်းတိုက်တို့၏ ဦးစီးပဓာန နာယက ဖြစ်တော်မူသော ဆရာတော် ဒေါက်တာဘဒ္ဒန္တ ဓမ္မပိယ (သာသနဓဇ ဓမ္မာစရိယ Ph.D) အား တန့်ဆည်မြို့နယ်အသင်း (ရန်ကုန်) အလုပ်အမှုဆောင်အဖွဲ့က ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်၉နာရီခွဲက ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မြို့မရပ်ကွက် ဗဟန်း(၃)လမ်းရှိ တန့်ဆည်မြို့နယ်အသင်းတိုက် ဓမ္မာရုံ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

အခမ်းအနားတွင် ဗဟန်းမြို့နယ် သံဃနာယက အဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ နေမိန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဂုဏ်ပြုခံဆရာတော်အား အသင်းသားအသင်းသူများ၏ နဝကမ္မလှူဒါန်းငွေများကို အလှူရှင်များကိုယ်စား အသင်းဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပေးအပ်လှူဒါန်းရာ ဆရာတော်၏ကိုယ်စား ဝန်ကြီးဗိုလ်မှူးချုပ် သူရမြင့်မောင်က လက်ခံသည်။

နေ့ဆွမ်းဆက်ကပ်

ထို့နောက် ဂုဏ်ပြုခံ ဆရာတော် ဒေါက်တာဘဒ္ဒန္တ ဓမ္မပိယ(သာသနဓဇ ဓမ္မာစရိယ Ph. D)ထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကာ ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဂုဏ်ပြုခံ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဓမ္မပိယ (သာသနဓဇ ဓမ္မာစရိယ Ph. D) သည် စစ်ကိုင်းတိုင်း တန့်ဆည် မြို့နယ် ရွှေနားဘောင်းကျေးရွာ ဇာတိ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၈ရက်က မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် (၂)လမ်း လယ်တီမူ အနာဂါမ် ဆရာသက်ကြီး တရားရှုနည်း ရတနာမြဉ္ဇူဓမ္မရိပ်သာတွင် တည်ဆောက်မည့် စိတ္တဝိဝေက ခြောက်ထပ် ကျောင်းတော်ကြီးအတွက် ဒုတိယဗိုလ်မှူးကြီး သန်းထွန်း (ငြိမ်း) - ဒေါ်ကြည်ကြည်ဝင်း မိသားစု အမှတ်(၃၉) ပန်းဝါလမ်း သုဝဏ္ဏက ငွေကျပ် ငါးသိန်း၊ ဦးဝေဝင်းဇော်- ဒေါ်မြတ်သီတာထွန်း၊သမီး မထက်မြတ်ဆေ မိသားစု စင်ကာပူနိုင်ငံမှ ငွေကျပ်ငါးသိန်း၊ ဦးတင်ထွန်းတိုး-ဒေါ်မော်မော်ဝင်းမိသားစု စင်ကာပူက ငွေကျပ် နှစ်သိန်း၊ ကွယ်လွန်သူ မောင်ကျော်သူအောင်အား ရည်စူး၍ ဦးမောင်မောင်ကြီး-ဒေါ်စန်းစန်းနွယ် မိသားစု ယုဇနတည်းခိုခန်းက ငွေကျပ် တစ်သိန်းငါးသောင်း၊ ဦးအေးသန်း-ဒေါ်စန်းကြည်၊ သားကောင်း မျိုးဟန်မိသားစု ဗဟိုလမ်းက ငွေကျပ်တစ်သိန်းတို့ကို ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ဇေယျာနန္ဒ(ပုဂံ) ရှေ့တွင် ရေစက်ချလှူဒါန်းစဉ်။ (က-ပ)

ဝန်ကြီးဦးအောင်သောင်း ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၇

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် ဇန်နဝါရီ၁၅ရက် မွန်းလွဲ၂နာရီခွဲက မန္တလေးမြို့ ပြည်ကြီး တံခွန်မြို့နယ် စက်မှုဇုန်ရှိ စက်မှုဇုန်များအဆင့်တိုးမြှင့်ရေး စီမံကိန်းရုံးသို့ရောက်ရှိပြီး မန္တလေးစက်မှုဇုန် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စက်မှုဇုန်ဒါရိုက်တာအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မန္တလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် စက်မှုဇုန် ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်၊ တိုင်းအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး ဦးကျင်လင်းတို့က ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဦးအောင်သောင်းက လုပ်ငန်း လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ကော်မတီဥက္ကဋ္ဌ ဝန်ကြီးဦးအောင်သောင်းသည် Asia Myanmar Group မော်တော်ယာဉ်ထုတ်လုပ်ရေးသို့ ရောက်ရှိပြီး စက်ရုံထုတ် မော်တော်ယာဉ်များကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှ တစ်ဆင့် ဝန်ကြီးသည် ပဒေသာကျော် စက်မှုလက်မှု ကားထုတ်လုပ်ရေးဌာနရှိ ထုတ်လုပ်ဆဲ၊ ထုတ်လုပ်ပြီး မော်တော်ယာဉ်များကို လည်းကောင်း၊ စက်ရုံထုတ် မော် တော်ယာဉ် ကြမ်းခင်း၊ အမိုး၊ ဖရိန်နှင့် ရှေ့ဖုံး၊ နောက်ဖုံးများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ရောက်ရှိ

ယင်းနောက် ဝန်ကြီးသည် မန္တလာ လက်တွန်းထွန်စက်၊ CNG ဓာတ်ငွေ့နှင့် ဓာတ်ဆီသုံး သုံးဘီးဆိုင်ကယ် အလုပ်ရုံသို့ ရောက်ရှိပြီး အလုပ်ရုံထုတ် သုံးဘီးဆိုင်ကယ်များကို လည်းကောင်း၊ သုံးဘီးဆိုင်ကယ်အား လက်တွေ့မောင်းနှင် ပြသမှုကိုလည်းကောင်း ကြည့်ရှုကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆွမ်းဆန်စိမ်းလောင်းလှူမည်

ရန်ကုန် ဇန်နဝါရီ ၁၇

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၉)ရပ်ကွက် တစ်ဆုပ်ဆွမ်းဆန်လှူ အသင်းက ကြီးမှူး၍ ပဉ္စမအကြိမ်မြောက် နှစ်ပတ်လည် ဆွမ်းဆန်တော် လှူဒါန်းပွဲကို လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ် ပံ့ပိုးမှုဖြင့် ဖေဖော်ဝါရီ၆ရက် (တနင်္ဂနွေနေ့)တွင် အမှတ် (၉)ရပ်ကွက် ဖားအုံလမ်းရှိ ဗဟိုမဏ္ဍပ်၌ မြို့နယ်အတွင်းရှိ ရပ်ကွက်ပေါင်း ၂၀ နှင့် ကျေးရွာအုပ်စုကိုးအုပ်စုတို့မှ ရပ်ကွက်၊ ကျေးရွာ ပြည်သူများစုပေါင်းပြီး မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၇၆ ကျောင်းမှ ရဟန်း၊ သာမဏေနှင့် သီလရှင် အပါး ၂၀၀၀တို့အား တစ်ဆုပ်ဆွမ်းဆန်တော်များနှင့် ဆွမ်းဆန်စိမ်း လောင်းလှူခြင်းများကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ တစ်ဆုပ်ဆွမ်းဆန်တော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် လှူဒါန်းလိုပါကအမှတ်(၉)ရပ်ကွက်ဖားအုံလမ်းရှိ တစ်ဆုပ်ဆွမ်းဆန်လှူအသင်း၏ ဗဟိုမဏ္ဍပ်သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၈၀)**

မြို့နယ်အဆင့် တရားသူကြီးများ မွမ်းမံသင်တန်း ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၇

တရားရုံးချုပ်က ဖွင့်လှစ်သော မြို့နယ်အဆင့်တရားသူကြီးများ မွမ်းမံသင်တန်းအမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲအခမ်းအနားကိုယမန်နေ့နံနက် ၈နာရီက လှိုင်သာယာမြို့နယ်ရှိ တရားရုံးချုပ် လေ့ကျင့်ရေးဌာနခွဲ အဆောက်အအုံ ခန်းမ၌ကျင်းပရာ တရားသူကြီးချုပ် ဦးအောင်တိုး တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ် တရားသူကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား၊ သင်တန်းသူ ၆၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ရှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သရက်အသင်း (ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၁၇

သရက်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၆ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း တောင်ဘက်မုခ် သစ်လုပ်ငန်း ဓမ္မာရုံ၌ ကျင်းပမည် ဖြစ်သည်။ ၂၀၀၄ ခုနှစ်တွင် အသက် (၇၅) နှစ်ပြည့်ပြီး အသင်းဝင်များ၏ မိဘများစာရင်းနှင့် ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသည့် ကျောင်းသားကျောင်းသူများစာရင်းကို ဦးမြတ်ထွန်း ဖုန်း-၂၄၆၆၆၀၊ ဦးသိန်းဇော် ဖုန်း-၇၂၉၈၈၀၊ ဒေါ်မြမိုးနှင်း၊ ဒေါ်အေးညွန့်သွင် ဖုန်း-၆၄၂၃၉၃၊ ဦးမိုးခိုင် ဖုန်း- ၅၇၀၀၈၁၊ ဦးအုန်းမောင် (အောင်ဓမ္မာရုံ မဟာဗန္ဓုလ ပန်းခြံ အထက်)၊ ဗိုလ်မှူး စန်းအောင် (ငြိမ်း) ကမ်းနားလမ်း ရွှေဘုံသာလမ်း ဖုန်း-၀၆၈-၂၁၃၇၁ တို့သို့ ဆက်သွယ် စာရင်းပေးပို့ကြရန် တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

တောင်ကြီးစက်မှုလက်မှုအထက ဒုတိယအကြိမ်အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၇

တောင်ကြီးမြို့ စက်မှုလက်မှု အထက ကျောင်းသားဟောင်းများ၏ ဒုတိယ အကြိမ်မြောက် အာစရိယ ပူဇော်ပွဲကို ၂၀၀၅ ခုနှစ် ဧပြီ၂ရက် (စနေနေ့)တွင် တောင်ကြီးမြို့ ကုန်းသာယာ ကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်ရာ အပူဇော်ခံကြမည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီး များသည် ဆရာ ဦးကျော်ချွန် (အငြိမ်းစား) တောင်ကြီး ဖုန်း-၀၈၁-၂၂၉၉၆၊ ဆရာဦးသောင်းထွန်း (အငြိမ်းစား) ရန်ကုန် ဖုန်း-၀၁- ၇၂၂၅၇၁နှင့် ဆရာဦးစိန်မောင်(အငြိမ်းစား)ရန်ကုန် ဖုန်း-၀၁-၇၀၀၁၉၈ တို့သို့ဆက်သွယ် နိုင်ပြီး အလှူငွေ ထည့်ဝင်လိုသူများသည် ဦးစိုးညွန့် ဖုန်း-၀၈၁-၂၁၆၅၇၊ ဦးခင်မောင်ဝင်း ဖုန်း-၀၈၁-၂၁၇၁၅ (အိမ်)၊ ၀၈၁- ၂၁၁၂၅(ရုံး)၊ ဦးတင်အောင် ဖုန်း-၀၈၁-၂၁၅၂၁၊ ဦးလှသိန်း ဖုန်း-၀၁-၂၉၅၁၇၆၊ ဦးညိုမင်းဒင် ဖုန်း- ၀၁-၂၂၀၃၄၁၊ ၀၁-၂၁၂၀၀၇၊ ဒေါ်စန်းစန်းမြင့် ဖုန်း-၀၁-၆၄၂၅၄၂၊ ဦးအေးဝင်း ဖုန်း-၀၂-၃၁၄၅၄နှင့် ဦးအောင်မြင့်သိန်း ဖုန်း-၀၆၂-၂၂၆၆၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင် ကြောင်း သိရသည်။ **(က-ပ)**

ဇန်နဝါရီ၁၅ရက်က တာမွေမြို့နယ်အမှတ်(၃၄)အခြေခံပညာ မူလတန်းကျောင်း ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးအပ်ပွဲတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမ ဆုနှင့် စတုတ္ထတန်း ဘက်စုံထူးချွန် ဆုရ မခင်ရတနာဦးအား ကျောင်း အုပ်ဆရာမကြီး ဒေါ်ခင်သိန်း သိန်းက ဆုချီးမြှင့်စဉ်။ (က-ပ)

မြောက်ဥက္ကလာပ အထက(၁) ကျောင်းသား ကျောင်း သူဟောင်း များ၏ (၁၃) ကြိမ်မြောက် အာစရိယ ပူဇော်ပွဲကို ဇန်နဝါရီ ၁၅ ရက်က မြောက်ဥက္ကလာပ မြို့နယ် ခန်းမ၌ ကျင်းပရာ ကန်တော့ခံ ဆရာမများအား ကျောင်းသူတစ်ဦးကလက်ဆောင်ပစ္စည်းပေးအပ်စဉ်။

(က-ပ)

ဒီဇင်ဘာ ၁၁ရက်က ထားဝယ်မြို့ ဆိပ်ကမ်းသာလမ်း ထပ်ပိုးကတ္တရာခင်းခြင်းကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ညိုနှင့် မြို့နယ်ဥက္ကဋ္ဌတို့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာဦးထွန်းထွန်းနိုင်တို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ကျေးလက်ဒေသနှင့် မြို့ပြဆက်သွယ်သောလမ်းများ ကောင်းမွန်ရေး ချောင်းကြီး-ကျောက်ပျဉ်အိုင်လမ်း ကျောက်ချောခင်းရန် မြေသားပြုပြင်

ညောင်တုန်း ဇန်နဝါရီ ၁၆

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသချင်း ဆက်သွယ်သည့်လမ်းများနှင့် ကျေးလက်ဒေသနှင့် မြို့ပြဆက်သွယ်သော ကျေးလက်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ၂၀၀၄-၂၀၀၅ဘဏ္ဍာရေးနှစ်တွင် ညောင်တုန်းမြို့နယ် ချောင်းကြီး-ကျောက်ပျဉ်အိုင်လမ်းကို နိုင်ငံတော် ထောက်ပံ့ငွေ(ဖြည့်စွက်) ၆၁ဒသမ၅ သိန်းဖြင့် အရှည်ပေ ၃၃၀၀၊ အကျယ် ၁၀ပေ ကျောက်ချောလမ်း ခင်းနိုင်ရန်အတွက် စက်ယန္တရားများဖြင့် လမ်းမြေသားပြုပြင်ခြင်းနှင့် လမ်းခင်းကျောက်များ လမ်းပေါ်အရောက် စုဆောင်းထားရှိခြင်းလုပ်ငန်းများ ဆောင်ရွက်မှုကို ဇန်နဝါရီ ၁၅ရက်က ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမိုးထိုက်တို့ ကွင်းဆင်းစစ်ဆေးကြသည်။ (အောက်ပုံ)

ယင်း ချောင်းကြီး-ကျောက်ပျဉ်အိုင်လမ်းကို အမြန်ဆုံးကျောက်ချောလမ်း ခင်းသွားရန်လည်း စီစဉ်ဆောင်ရွက်ကြသည်။

ညောင်တုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက်ယခုနှစ်ဘဏ္ဍာရေးနှစ်တွင်ကြိမ်ပင်ဆယ်ကျေးရွာအဝင်လမ်း ကတ္တရာခင်းခြင်းနှင့် ရွာတွင်းလမ်းများ ကျောက်ချော လမ်းခင်းပြုပြင်ခြင်း၊ လက်ပံချောင်းကျေးရွာ ရွာတွင်းလမ်းနှင့် ဖောင်ရိုး ချောင်း-ဥတိုလမ်း မြေရောကျောက် စရစ်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ချောင်းကြီး-ကျောက် ပျဉ်အိုင်လမ်း ကျောက်ချောလမ်းခင်းခြင်းနှင့် ဇီးဖြူကျွန်း-သဇင်ရေကျော်လမ်း မြေသားပြင်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝ၉၈)**

ရွှေလှေမောင်းမ ခရမ်းလမ်းဂဝံခင်း

ခရမ်း ဇန်နဝါရီ ၁

၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော ရွှေလှေမောင်းမ ခရမ်းလမ်းဂဝံခင်းခြင်းလုပ်ငန်းခွင်ကို ဒီဇင်ဘာ ၁၀ ရက်က ခရမ်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဦး ကွင်းဆင်းစစ်ဆေးရာအမှုဆောင်အရာရှိ ဦးနေမျိုးလင်း၊ လုပ်ငန်းခွင်အင်ဂျင်နီယာ ဦးချစ်သက်ဇော်နှင့် အငယ်တန်းအင်ဂျင်နီယာ (၃)ဦးအောင်ကျော်စိုးတို့က လုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ **(အောက်ပုံ)**

(မြို့နယ်စည်ပင်)

ပွံ့ဖြိုး စည်ပင် ကျေးလက် တစ်ခွင်

သာစည်-ကလောကားလမ်းနှင့် အုတ်ဖိုကျေးရွာချင်းဆက်လမ်း ကျေးလက်ကျောက်ခင်းလမ်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်

သာစည် ဇန်နဝါရီ ၆

ကျေးလက်ဒေသလမ်းပန်းဆက်သွယ်မှု လွယ်ကူစေရေးအတွက်သာစည်-ကလောကားလမ်းနှင့် အုတ်ဖိုကျေးရွာဆက်သွယ်သည့် မြေသားလမ်းကို သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အရှည်ပေ ၄၀၀၀၊ အကျယ် ၁၂ပေ ကျောက်ခင်းလမ်းအဖြစ် အဆင့်တိုးမြှင့်၍ ငွေကျပ် ၂၅၅၀၀၀၀ အကုန်ကျခံ ဆောင်ရွက်ပေးခဲ့ကြသည်။

ဖဲကြိုးဖြတ်ဖွင့်

အဆိုပါ ကျောက်ခင်းလမ်းကို (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဒီဇင်ဘာ ၂၈ ရက်နံနက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ဝဲပုံ)**

(နယ်စပ်/စည်ပင်)

မင်းလှမြို့ဈေးချိုတန်းနှင့် မင်းတန်းလမ်းကတ္တရာခင်း

မင်းလှ ဇန်နဝါရီ ၁၆

မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဇန်နဝါရီ၁၄ရက်က မြို့ပြ စည်ပင်သာယာရေး လုပ်ငန်းများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက် လျက်ရှိသည်။

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ကြီးကြပ်မှုအောက်ရှိ မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဈေးချိုတန်းလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းအရှည်ပေ ၇၀၀၊ အကျယ် ၁၂ပေနှင့် မင်းတန်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း အရှည်ပေ ၁၃၀၊ အကျယ် ၁၂ပေတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အလားတူ မိုးညိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဗိုလ်ချုပ်လမ်းကတ္တရာအဆင့်မြှင့်တင်ခြင်း လုပ်ငန်းဖြစ်သော အရှည်ပေ ၈၄၀၊ အကျယ် ၁၂ပေတို့ကို ဆောင်ရွက်ကြကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ရှင်းလင်းတင်ပြ

တောင်ငူမြို့နယ် ထုံးဘိုကြီးကျေးရွာမှ ရေတာရှည်မြို့နယ် ရေနီမြို့အထိ စစ်တောင်းမြစ်အရှေ့ဘက်ခြမ်း မြေသားလမ်းဖောက်လုပ်ရန် ကရင်ချောင်း ချောင်းကူး သစ်သားတံတားတည်ဆောက်မည့် နေရာကို ပဲခူးတိုင်းညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကိုကိုနိုင်နှင့် အင်ဂျင်နီယာမှူး ဦးဌေးညွန့်တို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ကရင်ပြည်နယ် ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ် သာမန်ပြင်ဆင်ထိန်းသိမ်း စရိတ်လုပ်ငန်းဖြစ်သည့် ၁၄၆၃၄ စတုရန်းပေရှိ မိဿာန်အောင်ဘုရားလမ်း ကျောက်ကတ္တရာဖြင့်လမ်းပေါက်ဖာလုပ်ငန်းအား ခွင့်ပြုရန်ပုံငွေကျပ်၁၃၃၀၀၀၀ ဖြင့် ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။ (မြို့နယ် စည်ပင်)

သန့်ရှင်းရေးစုပေါင်းဆောင်ရွက်

ညောင်ဦး ဇန်နဝါရီ ၁

ညောင်ဦး(ပုဂံ)မြို့ သန့်ရှင်းသာယာလှပရေးအတွက် ညောင်ဦးခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်ပြည်သူများ အပတ်စဉ်စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၇ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် အမှတ် (၁) နှင့် (၂) ရပ်ကွက်ပြည်သူများ ရပ်ကွက်အတွင်း သန့်ရှင်းရေးစုပေါင်း ဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**



ပထမအကြိမ် အရှေ့တောင်အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ကိုးခု၊ ငွေတံဆိပ်ငါးခု၊ ကြေးတံဆိပ် ၁၀ခုဖြင့် နိုင်ငံအလိုက် ပထမဆုရရှိသွားသော မြန်မာအသင်းအား ပထမတံခွန်စိုက်ဆုကြီးကို အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဤသို့ချီးမြှင့်ခဲ့သည်။ ဓာတ်ပုံမှတ်တမ်း- သောင်းဝင်းဗိုလ်

✡ *ကျောဖုံးမှ*

မြန်မာမြားပစ်အဖွဲ့၏ ရွှေတံဆိပ်အများဆုံးရရှိခဲ့မှုတစ်ခုအဖြစ် ပြိုင်ဘက်အာရှထိပ်သီးအားကစားသမားများ၏ လေးစားမှုကိုပါ ခံယူခဲ့ရသောပွဲဖြစ်ကြောင်းကို ထိုပွဲတွင်အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူလိုက်ပါခဲ့သော မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်၏ ဒုတိယဥက္ကဋ္ဌ ဦးတင့်ဆန်း(ACE ဆောက်လုပ်ရေး)က ထုတ်ဖော်ပြောကြားခဲ့သည်။

နိုင်ငံ့ဂုဏ်ဆောင်

ယခုတစ်ဖန် ၂၀၀၅ခုနှစ် ဇန်နဝါရီ ၁၀ရက်မှ ၁၃ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပပေးခဲ့သော ပထမအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲတွင် မြန်မာမြားပစ်အားကစား မောင်မယ်များက ရွှေတံဆိပ် ကိုးခု၊ ငွေတံဆိပ်ငါးခု၊ ကြေးတံဆိပ် ၁၀ခု စုစုပေါင်း ဆုတံဆိပ် ၂၄ခုကို ဆွတ်ခူးရရှိပြီး နိုင်ငံအလိုက် ပထမရရှိကာ နိုင်ငံ့ဂုဏ်ဆောင်ပေးခဲ့ကြပြန်သည်။

အကောင်းဆုံးထူးချွန်ဆု ချီးမြှင့်ခြင်းခံရသည့် နိုင်ငံအတွက် ရွှေတံဆိပ်လေးခုကိုဆွတ်ခူးခဲ့သော ပေါ်ဦးအား ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ဤသို့ဆုချီးမြှင့်ခဲ့သည်။ ဓာတ်ပုံမှတ်တမ်း-သောင်းဝင်းဗိုလ်

မြားပစ်အားကစားဖြင့်မြှင့်တင်

ပထမအကြိမ် အရှေ့တောင်အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲကို မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်၊ လာအိုနှင့် အိမ်ရှင်မြန်မာတို့ ဝင်ရောက်ယှဉ်ပြိုင်ကြရာ အာရှထိပ်သီးမြားပစ်အားကစားသမားများဖြစ်ကြသည့် မလေးရှားနှင့် အင်ဒိုနီးရှားတို့ကို ကျော်ဖြတ်ပြီး အကြိတ်အနယ် ယှဉ်ပြိုင်ကြရာ မြန်မာမြားပစ်အားကစားသမားများက ပြိုင်ပွဲ ၁၆ခုတွင် ရွှေကိုးခုရရှိပြီး အကောင်းဆုံးထူးချွန်ဆု လေးဆုအနက် သုံးဆုကို ဆွတ်ခူးရယူပေးခဲ့၍ နိုင်ငံ၏ဂုဏ်သိက္ခာကို မြားပစ်အားကစားဖြင့် မြှင့်တင်ပေးခဲ့ကြသည်။

မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်၏ လက်ရွေးစင်မြားပစ်အားကစားသမားများသည် အဖွဲ့ချုပ်ဖွဲ့စည်းသည့် ၁၉၉၅ ခုနှစ်မှ ယနေ့အထိ နှစ်ကာလ ၁၀ နှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲ ၂၆ ခုတွင် ရွှေတံဆိပ် ၂၉ခု၊ ငွေတံဆိပ် ၂၂ခု၊ ကြေးတံဆိပ် ၂၇ခု စုစုပေါင်း ဆုတံဆိပ် ၇၈ခုဖြင့် နိုင်ငံ့ဂုဏ်ဆောင်ပေးခဲ့ကြပြီးဖြစ်သည်။

လာမည့်ဖေဖော်ဝါရီလ နောက်ဆုံးပတ်၌ ထိုင်းနိုင်ငံတွင် ကျင်းပမည့် အာရှပတ်လည် မြားပစ်ပြိုင်ပွဲနှင့် မေလ၌ ကိုရီးယားနိုင်ငံတွင် ကျင်းပမည့် အာရှပတ်လည် မြားပစ်ပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက်လည်း ကြိုတင်ပြင်ဆင်လျက်ရှိကြသည်။

ရွှေရောင်တောက်ပလာ

အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးတင့်ဆန်း၊ ဦးမောင်မောင်၊ ဒေါက်တာဇော်ထွန်းနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ကိုရီးယားနည်းပြ မစ္စတာအမ်းနှင့် မြန်မာနည်းပြများ၏ ပံ့ပိုးမှု၊ အားပေးမှု၊ စနစ်တကျလေ့ကျင့်မှု၊ စိတ်ဓာတ်မြင့်မားမှုများနှင့် မျိုးချစ်စိတ်ဓာတ်ကို အခြေခံသည့် ယှဉ်ပြိုင်မှုများကြောင့် ယခုကဲ့သို့ မြန်မာမြားပစ်အားကစားမှာ ရွှေရောင်တောက်ပလာရခြင်းဖြစ်သည်။

ပထမအကြိမ် အရှေ့တောင်အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲတွင် အသက် ၁၇နှစ်သာရှိသေးသည့် မျိုးဆက်သစ်မြားပစ်အားကစားမယ် ယုနန္ဒာထိုက်က ရွှေတံဆိပ်လေးခု၊ ပေါ်ဦးက ရွှေတံဆိပ်လေးခု ရယူပေးခဲ့ကြပြီး အမျိုးသမီး၊ အမျိုးသားပြိုင်ပွဲ အလိုက် အကောင်းဆုံးထူးချွန်ဆုများကို ယုနန္ဒာထိုက်၊ ပေါ်ဦးနှင့် ညီညီထွန်းတို့က တစ်ခုစီရရှိသွားကြသည်။

အားတက်စရာများ

ရွှေရောင်တောက်ပနေသော မြန်မာမြားပစ်အားကစားသမားတို့၏ ရှေ့အနာဂတ်ခရီးတွင် အောင်မြင်မှုအပေါင်း ခသြောင်းနိုင်ရန်မှာ မြန်မာမြားပစ်အားကစားသမားတို့၏ တာဝန်သာဖြစ်သည်။ ယခုကျင်းပပြီးစီးခဲ့သည့် ပထမအကြိမ် အရှေ့တောင်အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲမှ ရရှိခဲ့သည့် ရလဒ်ကောင်းများသည် ၂၀၀၅ ခုနှစ် ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးအတွက် အားတက်စရာများဖြစ်စေခဲ့သည်။ မျှော်မှန်းချက်၊ ရည်ရွယ်ချက်၊ ကြိုးပမ်းချက်များနှင့်အတူ ရွှေရောင်တောက်ပနေသည့် မြန်မာမြားပစ်အားကစားကို မလျှော့သောဇွဲလုံ့လဖြင့် မြှင့်တင်နိုင်ပါစေကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ဂရင်းရွှိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲဆုပေးပွဲကျင်းပ

GRAND ROYAL
SPECIAL RESERVE
Golf Championship

ရန်ကုန် ဇန်နဝါရီ ၁၇

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် International Beverages Trading Co., Ltd.နှင့် HAN Event Managementတို့ ပူးပေါင်းစီစဉ် ကျင်းပသော ၂၀၀၄- ၂၀၀၅ခုနှစ် ဂရင်းရွှိုင်ရယ်စပါယ်ရှယ် ရီဆာ့ဗ်ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၉ ရက် နံနက် ၇ နာရီခွဲက လားရှိုးမြို့ လားရှိုးဂေါက်ကွင်း တီခုံအမှတ်(၁၀)၌ ကျင်းပသည်။

၁၀၄ဦးပါဝင်ယှဉ်ပြိုင်

ဖွင့်ပွဲအခမ်းအနားတွင် လားရှိုးဂေါက်ကလပ်ဥက္ကဋ္ဌ မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အမှုဆောင် ဦးကိုကိုလေးနှင့် I.B.T.C ကုမ္ပဏီမှ အရည်အသွေးထိန်းသိမ်းမှု ဒါရိုက်တာ ဦးတင့်ဦးတို့က ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ပြိုင်ပွဲတွင် ဂေါက်သီးရိုက် အားကစားသမား ၁၀၄ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်ကျင်းပ

ဂရင်းရွှိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၉ရက်ညနေ၆နာရီတွင် လားရှိုးမိုတယ်၌ ဆက်လက်ကျင်းပသည်။ ရှေးဦးစွာ I.B.T.Cကုမ္ပဏီမှ တာဝန်ရှိသူများက အနီးဆုံးရိုက်ချက်ဆု၊ အဝေးဆုံး ရိုက်ချက်ဆု၊ Most Par ဆု၊ Most Birdies ဆုနှင့် နှစ်သိမ့်ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆုများပေးအပ်ချီးမြှင့်

ထို့နောက် လားရှိုးတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးခင်မောင်ဝင်းနှင့် I.B.T.C ကုမ္ပဏီမှ အရည်အသွေးထိန်းသိမ်းမှုဒါရိုက်တာဦးတင့်ဦးတို့က တတိယဆုရရှိသော စိုင်းဟန်လှိုင်၊ ဒုတိယဆုရရှိသော လောစူးနှင့် ပထမဆုရရှိသော စိုးမိုးအောင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဝိုင်းဝန်းပံ့ပိုးပေး

ဂရင်းရွှိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ်ကို Co-sponsorsများဖြစ်ကြသော Air Mandalay၊ Popa Aqua၊ Crusher Club Soda၊ Ping(Pan Dagon Int'l Ltd.) နှင့် Traders Hotel တို့က ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသည်။

ဂရင်းရွှိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထပွဲစဉ်ကို ဇန်နဝါရီ၃၀ရက်တွင် မြိတ်မြို့ မြိတ်ဂေါက်ကွင်း၌ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဂရင်းရွှိုင်ရယ် စပါယ်ရှယ် ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ်၌ ဆုရရှိသူတစ်ဦးအား လားရှိုးတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးခင်မောင်ဝင်းက ဆုပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

ကမ္ဘာတစ်လွှား အားကစား

ပရီမီးယားလိဂ် ချယ်လ်ဆီးနှင့် မန်ယူနိုင်ပွဲဆက် အာဆင်နယ်အသင်း ဘော်လ်တန်ကို ရှုံးနိမ့်

လန်ဒန် ဇန်နဝါရီ ၁၇

အင်္ဂလိပ်ပရီမီးယားလိဂ် ပွဲစဉ်(၂၃)ကို ဇန်နဝါရီ ၁၅ရက်နှင့် ၁၆ရက်များက အင်္ဂလန်နိုင်ငံ၌ကျင်းပခဲ့ရာ ချယ်လ်ဆီး၊ အာဆင်နယ်နှင့် မန်ချက်စတာယူနိုက်တက်အသင်းတို့သည် တန်းစီဇယားထိပ်ဆုံးနေရာများကို ရယူထားကြဆဲဖြစ်သည်။

ချယ်လ်ဆီးအသင်းနှင့် တော့တင်ဟမ်အသင်းတို့သည် ဝှိုက်ဟတ်လိန်းကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ချယ်လ်ဆီးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ခဲ့သည်။ ချယ်လ်ဆီးအသင်းအတွက် အနိုင်ဂိုးများကို ဖရန့်လမ်းပတ်က သွင်းယူ ပေးသည်။ ချယ်လ်ဆီးအသင်းသည် ကျန်အသင်းများကို ၁၀မှတ် အကွာတွင် ချန်ထားနိုင်ပြီဖြစ်၍ ယခုနှစ်တွင် ပရီမီးယားလိဂ်ဖလားရရှိရန် ရေပန်းစားနေသောအသင်း ဖြစ်သည်။

နာမည်ကြီးအာဆင်နယ်အသင်းသည် ဘော်လ်တန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်သွားသည်။ အာဆင်နယ်အသင်းသည် ဘောလုံးရာသီအစတွင် ရှုံးပွဲမရှိစံချိန်များဖြင့် တာထွက်ကောင်းခဲ့သော်လည်း နောက်ပိုင်းတွင် သရေပွဲများ၊ ရှုံးပွဲများဖြင့်ကြုံတွေ့ခဲ့ရမှုကြောင့် ချယ်လ်ဆီးအသင်းနောက်မှ အမှတ်ပြတ်ဖြင့် လိုက်နေရသည်။

တော့တင်ဟမ်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကြရာ ချယ်လ်ဆီးအသင်းရှေ့တန်းတိုက်စစ်မှူး ဒရော့ဘာ(ဝဲ)က တော့တင်ဟမ်အသင်းမှ မိုက်ကယ်ဘရောင်းထံမှ ဘောလုံးကိုဖြတ်ယူစဉ်။ (အေအက်ဖ်ပီ)

မန်ချက်စတာယူနိုက်တက်အသင်းသည် လီဗာပူးအသင်းကို အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရခဲ့သည်။ မန်ချက်စတာယူနိုက်တက်အသင်းသည် ဘောလုံးရာသီအစတွင် ဒဏ်ရာရဘောလုံးသမားများ၊ ပြောင်းရွှေ့သွားသည့် ဘောလုံးသမားများကြောင့် လူစုံတက်စုံမကစားနိုင်ဘဲ ပွဲထွက်မကောင်းဖြစ် ခဲ့ရသည်။ နောက်ပိုင်းတွင် အသစ်ခေါ်ယူသည့် ကစားသမားများ၊ ဒဏ်ရာရ ဘောလုံးသမားများ လူစုံတက်စုံကစားနိုင်ခဲ့၍ နိုင်ပွဲနှင့် သရေပွဲများဆီသို့ ဦးတည်ချီတက်ခဲ့ရာမှ တန်းစီဇယား၏ တတိယနေရာတွင် ဒုတိယနေရာမှ အာဆင်နယ်အသင်းထက် တစ်မှတ်အကွာဖြင့် ကပ်လိုက်လာပြီဖြစ်သည်။

အခြားပွဲစဉ်များ

အက်စ်တွန်ဗီလာ	၃	-	၀	နော့ဝှစ်
ချာလ်တန်	၃	-	၁	ဘာမင်ဂမ်
မန်စီးတီး	၃	-	၁	ခရစ္စတယ်ပဲလေ့စ်
နယူးကာဆယ်	၂	-	၁	ဆောက်သမ်ပတန်
ပို့စ်မောက်	၀	-	၁	ဘလက်ဘန်း
မစ်ဒယ်ဘရော့	၁	-	၁	အယ်ဗာတန်
ဖူလ်ဟမ်	၁	-	၀	ဝက်စ်ဘရွန်း

ရိုက်တာ။

မီးဘေးအန္တရာယ်
အစဉ်သတိပြု ကာကွယ်

ငွေရတုကျောင်းတော်ဆောက်လုပ်ရေး ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၇

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် အင်းစိန်လမ်းမကြီး အမှတ်၆ရှိ မဟာစည်သြဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ (၂၅)နှစ်ပြည့် ငွေရတုကျောင်းတော် ဆောက်လုပ်ရာတွင် ဒဂုံမြို့သစ်မြောက်ပိုင်း (၂၈)ရပ်ကွက် အောင်ဒီပါလမ်း အမှတ်၃၇နေ ဆရာကြီး ဦးတင်ဗိုလ်နှင့် သားသမီးများက ဘိုးဘွားမိဘများနှင့် ဒေါ်ရင်ရင်(ရွှေဘို)အား ရည်စူး၍ ငွေကျပ် ၁၁၀၀၀၀၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) အောင်ဘောဂလမ်း အမှတ် ၂၈/၉၉၃နေ ဒေါ်ခင်စောလွင် မိသားစုက မိခင်ဒေါ်နန်းဦးနှင့် ခင်ပွန်းဦးအောင်ကျော်ဆင့်အားရည်စူး၍ ငွေကျပ်၁၀၀၀၀၀၊ ခေတ္တသြစတြေးလျနိုင်ငံ ဆစ်ဒနီမြို့နေ ဦးဇင်အောင်-ဒေါ်မြင့်မြင့်ကြည်၊ သမီး ယမင်းအောင်၊ စန္ဒီအောင် မိသားစုက အဘွားဒေါ်နန်းဦး၊ ဖခင်ဦးအောင်ကျော်ဆင့်အားရည်စူး၍ ငွေကျပ် ၁၀၀၀၀၀၊ လှိုင်မြို့နယ် ရွာမကျောင်းလမ်း အမှတ်၆နေ ဒေါ်လှကြိုင်မိသားစုက ဦးချစ်စိန်အားရည်စူး၍ ဒုတိယအကြိမ် ငွေကျပ်၁၀၀၀၀၀၊ စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် ရေကန်စုရွာနေ မယ်တော်ကြီး ဒေါ်သောင်း မိသားစုက ငွေကျပ် ၁၀၀၀၀၀၊ ကမာရွတ်မြို့နယ် ရွှေခတ္တာလမ်း ရွှေမာလာရိပ်မွန် အက်ဖ်-၃ (ပထမထပ်)နေ ဦးစိုးမြင့်-ဒေါ်နုဝင်း သားသမီးမြေးတစ်စုက ငွေကျပ် ၁၀၀၀၀၀၊ ကြည့်မြင်တိုင်မြို့နယ် ပိတောက်ပင်လမ်း အမှတ် ၇၉/၄(က)နေ ဒေါ်ခင်မေလှ(အင်္ဂလိပ်စာဌာနမှူး၊ ငြိမ်း၊ ရန်ကင်းပညာရေးကောလိပ်)က ငွေကျပ် ၁၀၀၀၀၀ အသီးသီးလှူဒါန်းကြကြောင်း သိရသည်။ **(က-ပ)**

ဇန်နဝါရီ၅ရက်က ကမာရွတ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုရကလေးများနှင့် ပြိုင်ပွဲဝင်ကလေးများအားတွေ့ရစဉ်။ (၃၈၇)

အမေ့အတွက် ရတနာလက်ဆောင်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၇

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော် ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ ဓမ္မကထိက ဆရာတော် အရှင်အာစာရ လင်္ကာရ အရှင်သူမြတ်ကိုယ်တိုင် ရေးသားပြုစုတော်မူသော အမေ့အတွက် ရတနာလက်ဆောင်၊ မိဘကျေးဇူးဆပ်ကြစို့၊ အချိန်တွေ မဖြုန်းပါနဲ့၊ ပရိတ်ကြီး ၁၁ သုတ်ရဲ့ နောက်ခံသမိုင်း၊ မိဘကျေးဇူး အကျေဆပ်နည်း စုစုပေါင်း စာအုပ် ၂၅၀၀ တန်ဖိုး ငွေကျပ် ငါးသိန်းရှိ စာအုပ်များ လှူဒါန်းပွဲကို အမှတ် ၂၇/က အောင်သစ္စာလမ်းမ အနောက်အောင်မေတ္တာလမ်းသွယ်(၁) ကုလားကျောင်းမှတ်တိုင် သမိုင်းလမ်းဆုံအနီး မရမ်းကုန်းရှိ မိခင်ကြီး ဒေါ်ညိုနေအိမ်၌ ယမန်နေ့က ကျင်းပရာ အလှူခံများ ကိုယ်စား ညောင်ကန်အေးရိပ်သာမှ အရှင်အဂ္ဂိစာရက လက်ခံရယူသည်။ အဆိုပါ စာအုပ်များကို ရယူလှူဒါန်းလိုပါက ဖုန်း-၀၇၂-၂၂၁၇၀၊ ၂၁၁၆၉၊ ဖုန်း-၀၁-၆၅၁၁၉၄၊ ၆၆၄၉၀၉ တို့မှ တစ်ဆင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဖျာပုံအလက(၁) အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၇

ဖျာပုံမြို့အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်း (ယခင် ရုပ်တိတ်ကျောင်း)၌ စာသင်ကြားပြသပြီး အငြိမ်းစားယူသွားကြသော ဆရာကြီး ဆရာမကြီးများအား ပထမအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၂၇ရက် (တနင်္ဂနွေနေ့)တွင် ဖျာပုံမြို့ အလက(၁)၌ ကျင်းပရန် စီစဉ်ထားသည်။

အလက (၁) အငြိမ်းစား ဆရာကြီး ဆရာမကြီးများ၊ ကွယ်လွန်သွားကြသော အငြိမ်းစား ဆရာကြီး ဆရာမကြီးများ၏ မိသားစုများ အမြန် ဆက်သွယ်ကြရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် အလှူငွေများကို ဖျာပုံမြို့ အလက(၁)ကျောင်းအုပ် ဆရာမကြီး ဒေါ်ငွေငွေသန်း ဖုန်း-၀၄၅-၄၀၆၇၀၊ ဦးမောင်မောင်ဦး (ပြည်ထောင်စုမှန်ဆိုင်) ဖုန်း-၀၄၅-၄၀၁၀၂၊ ဦးရဲမျိုးထွဋ် (ဘုရားသားကဖီး) ဖုန်း-၀၄၅-၄၀၁၉၃နှင့် ဒေါ်စန်းစန်းယု (စံမတူရွှေဆိုင်) ဖုန်း-၀၄၅-၄၀၁၆၈တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။**(က-ပ)**

သံတွဲမြို့တွင် တာဝေးစက်ဘီးစီးပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၇

သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ကြီးမှူး၍ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အမျိုးသားအလွတ် တန်း တာဝေးစက်ဘီး စီးပြိုင်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက်၆နာရီက သံတွဲမြို့၌ကျင်းပသည်။

စက်ဘီးစီးပြိုင်ပွဲကို သံတွဲမြို့နယ် ငပလီလမ်းဆုံမှ စတင် တာထွက်ပြီး သံတွဲ-တောင်ကုတ်နယ်စပ်မှ ပြန်လှည့်၍ သံတွဲမြို့သို့ ပန်းဝင်စေရာ ခရီးမိုင်၅၀ တာဝေးပြိုင်ပွဲဖြစ်သည်။

ပြိုင်ပွဲဝင် ဆုရအားကစားသမားများကို သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်နှင့် ဌာနဆိုင်ရာပုဂ္ဂိုလ်များက ပထမဆု ကျပ်တစ်သိန်း၊ ဒုတိယဆု ကျပ်ခုနစ်သောင်းခွဲ၊ တတိယဆု ကျပ်ငါးသောင်း၊ စတုတ္ထဆု ကျပ်လေးသောင်း၊ နှစ်သိမ့်ဆု ၁၀ဆုကို အသီးသီးချီးမြှင့်ကြသည်။ ပြိုင်ပွဲတွင် စက်ဘီးအားကစားသမား ၁၃၃ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

(ခရိုင်ပြန်/ဆက်)

၂၀၀၄-၂၀၀၅ ပညာရေး စုံညီပွဲတော်ကျင်းပရေး အခမ်းအနားကို ဇန်နဝါရီ ၃ရက်က အမှတ်(၁) စစ်မှုထမ်းဟောင်းစံပြရွာ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ကရင်ဒုံးယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။ (က-ပ)

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏
အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၅) ဖြင့် ၄.၁.၂၀၀၅ နေ့တွင်
သီရိသုဓမ္မမဏိစေတာစေရ ဘွဲ့တံဆိပ်တော်
ထိုက်ထိုက်တန်တန်ချီးမြှင့်ခြင်းခံရသော
ဦးထွန်းခင် (Managing Director) Peace Co., Ltd.
အတွက် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါသည်။
နိုင်ငံနှင့်လူမျိုးအကျိုး၊ သာသနာအကျိုး ဆောင်ထက်ထမ်းပိုးတို့၍
လှူဒါန်းနိုင်ပါစေကြောင်းနှင့် မိဘဆရာသမား၊ မိသားစု၊ ဆွေမျိုးမိတ်သင်္ဂဟ၊
ဝန်ထမ်းများ၏အကျိုးကို ကျေပွန်စွာ အစဉ်သယ်ပိုးနိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

MASTER KEY INT'L CO., LTD.

DIGITECH
COMPUTER SERVICES & ACCESSORIES CENTRE
☎ 380450

Used (PC) အရောင်းစျေးနှုန်း
- PIII 550 Mhz, MB PIII, H.D.D 13 Gb, Memory 64 Mb, CD 32X, Soundcard, ATX — 85,000-
- PII 333 Mhz, MB PII, H.D.D 6.4 Gb, Memory 64 Mb, CD 24X, Soundcard, ATX — 60,000-
- 6L Laser Printer with Toner — 85,000-

Computer Parts & Accessories

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊သမိုင်း (၂)ရပ်ကွက်၊ အမှတ် ၁၉၂/၅၉၊ရွှေတဆုပ်လမ်းနေ
ဦးခင်မောင်ရင်-ဒေါ်ခင်ညိုတို့၏သား
မောင်မြတ်မင်းစိုး နှင့်
ရန်ကုန်မြို့၊ အုတ်ကျင်း၊ မြနန္ဒာအိမ်ရာ၊ တိုက်၁၅၊ အခန်း ၀၀၁ နေ
ဦးလွန်းနိုင်-ဒေါ်ခင်အေးသန့်တို့၏သမီး
မသီသီလွန်းနိုင်
တို့သည် ၁၂-၁၂-၂၀၀၄ရက်တွင် နှစ်ဖက်မိဘဆွေမျိုးများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။ **မောင်မြတ်မင်းစိုးနှင့်မသီသီလွန်းနိုင်။**

"EDUCATION FOR ALL"

England နိုင်ငံ Wigan & Leigh College – UK

- Dr. Trevor Ashton
Head of the International Centre
Wigan & Leigh College – UK
Valetime Group Ltd; (UK)
Associate Director

-(1) Asia Plaza (2) Mdy ICT Park
-22.1.2005 (Saturday) 23.1.2005 (Sunday)
- 13:00-15:00PM 14:00-16:00 PM
- N.L.E.C

SUCCESS LANGUAGE ACADEMY

English Speaking 2 or 3 months	24 Jan ⇨ 3:30 - 5:00 24 Jan ⇨ 6:00 - 7:30 31 Jan ⇨ 7:30 - 9:00 31 Jan ⇨ 10:00 - 11:30	IELTS (Foundation) 28 Feb 10:00-12:00
Intermediate	31 Jan ⇨ 7:30 - 9:00	2 months
Basic Grammar	15 Jan ⇨ 10:00-12:00	3 months

ဖုန်း ⇨ 202046

Y.E.S.မှအင်္ဂလိပ်စကားပြော သင်တန်းများ

Basic Spoken English : JAN - 24,29
Pre - Intermediate English : JAN - 24,29
Vocabulary Enrichment Course : JAN - 24
Academic Writ4ng, Intermediate English : Jan 29,31
IELTS,TOEFL,SAT(I),SAT(II),4 Skills,Basic Writing.
No.190, 2nd Flr., 28th St.(Upper),Pabedan Tsp ☎ 243950

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏ သမီးဖြစ်သူ မအိအိအောင် ၇/ပမန(နိုင်)၁၂၅၇၈၁ သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါ၍ ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။
ဖခင်-ဦးစိန်အောင်၊ DC°-၀၂၉၃၈၃ ပေါင်းတလည်မြို့။

မောင်လှမျိုး၏
မနက်ဖြန်စစ်တမ်း

01- 378649

သာယာမည်

မန္တလေးမြို့နှင့်အနီး တစ်ဝိုက်တွင် ယနေ့ သာယာမည်။

ရန်ကုန်မြို့ ရွှေဘုံသာလမ်း(အလယ်ဘလောက်) ဆင်ဖြူတော်ရွှေဆိုင် ဦးမြင့်ဝင်း-ဒေါ်မြင့်မြင့်ဆွေ (သား) ညွှန့်ဝင်းဇော် မိသားစုက ဒေါ်မြင့်မြင့်ဆွေ၏ မွေးနေ့တွင် တစ်နေ့တာ နာရေးကူညီမှုအရေးအတွက် ကုန်ကျစရိတ်ငွေ ကျပ်သုံးသိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/ ၂ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ ဥက္ကဋ္ဌ ဦးအေးသန့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြု ကလေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ချောင်းဦးမြို့၌ကျင်းပ

ချောင်းဦး ဇန်နဝါရီ ၁၂

စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ၂၀၀၅ ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအထိမ်းအမှတ် ကလေးပြပွဲပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်က မြို့နယ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းတင်တင်နွဲ့က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲတွင် ဆုရရှိသူများ၊ အမြွာဆုရရှိသူများနှင့် လွတ်လပ်ရေးမောင်မယ်ဆု ရရှိကြသူများအား မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ကြီးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းတင်တင်နွဲ့နှင့် အမှုဆောင်များက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(ယာပုံ)** (က-ပ)

မွန်ပြည်နယ်တရားသူကြီး မြို့နယ်တရားရုံးများစစ်ဆေး

မော်လမြိုင် ဇန်နဝါရီ ၃

မွန်ပြည်နယ်တရားသူကြီး ဦးလှဝင်းသည် သထုံခရိုင် တရားသူကြီး ဒေါ်ပြုံးပြုံးအေး လိုက်ပါလျက် ဒီဇင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်များက သထုံခရိုင်အတွင်းရှိ ပေါင်မြို့နယ်၊ သထုံမြို့နယ်၊ ဘီးလင်းမြို့နယ် တရားရုံးများသို့ သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

အလားတူပင် မော်လမြိုင်ခရိုင် တရားသူကြီး ဦးသက်စိုးအောင် လိုက်ပါလျက် ဒီဇင်ဘာ ၂၅ ရက်နှင့် ၂၆ ရက်များတွင် မွန်ပြည်နယ် ရေးမြို့နယ် တရားရုံးသို့ သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့စစ်ဆေးရာတွင်ပြစ်မှုဆိုင်ရာ အမှုများ၌ ပြစ်မှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှား တွေ့ရှိသူများအပေါ် ပြစ်မှုနှင့်လျော်ညီသည့် ဟန့်တားလောက်သော ပြစ်ဒဏ်ချမှတ်ရေးကို လည်းကောင်း၊ တရားမမှုများ၌ ဥပဒေနှင့်အညီ မှန်မှန်နှင့် မြန်မြန်စစ်ဆေးခြင်းဖြင့် နစ်နာသည့် ပြည်သူများ သက်သာခွင့် အမြန်ရရှိအောင် ဆောင်ရွက်ပေးရေးကို လည်းကောင်း၊ ဝန်ထမ်းရေးရာ ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

တာချီလိတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာနက နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြား ပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၄ ရက်က တာချီလိတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ကျင်းပရာ ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးဦးတင်ရွှေက မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးစိန်လွင်ထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (ခရိုင်ပြန်/ဆက်)

မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

ရပ်စောက် ဇန်နဝါရီ ၅

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မီးသတ်ဦးစီးမှူး ဦးကံဝင်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂ ရက်က ရပ်စောက်မြို့နယ်အတွင်း မီးဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ပြည်သူများ လိုက်နာရန် အသံချဲ့စက်ဖြင့် လိုက်လံနှိုးဆော်ခြင်း၊ တစ်အိမ်တက်ဆင်း စစ်ဆေး အကြံပေးခြင်းများကို ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပညာရေးစုံညီပွဲတော် ရေနံချောင်းမြို့၌ကျင်းပ

မကွေး ဇန်နဝါရီ ၁၀

မကွေးတိုင်း ရေနံချောင်းမြို့နယ် ချန်ကန်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီက အဆိုပါကျောင်းဝင်းအတွင်း၌ ကျင်းပရာ ကျောင်းသား ကျောင်းသူကလေးများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးကြသည်။

ဆုများချီးမြှင့်

ထို့နောက် ရေနံချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးလွင်နှင့် မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဌေးတို့က အမှာစကားပြောကြားကြပြီး ပညာရည်ချွန်ဆု၊ ဘက်စုံထူးချွန်ဆု၊ စာရိတ္တထူးချွန်ဆုနှင့် အားကစားထူးချွန်ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ချန်ကန်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ပညာရေးစုံညီပွဲတော်အတွက် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ညွှန့်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။ **(၃၈၃)**

ဓနုဖြူမြို့နယ် ရေလဲရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ဇန်နဝါရီ ၃ ရက်က ပညာရေးစုံညီပွဲတော် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်စန်းက ဘာသာစုံထူးချွန်ဆုရရှိသော ကျောင်းသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ လှုံ့ဆော်ရေးယာဉ်ဖွင့်ပွဲ အောင်မြေသာစံမြို့နယ်တွင်ကျင်းပ

မန္တလေး ဒီဇင်ဘာ ၂၅

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် လှုံ့ဆော်ရေးယာဉ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁ ရက်က မန္တလေး အောင်မြေသာစံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့တွင် ကျင်းပသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ကြက်ခြေနီအသင်း ဒုတိယတပ်ရင်းမှူး ကျော်ကျော်က လှုံ့ဆော်ရေးယာဉ် ထားရှိရခြင်းကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌနှင့် ဒုတိယတပ်ရင်းမှူးတို့က လှုံ့ဆော်ရေးယာဉ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** ထို့နောက် ခုခံအားကျဆင်းမှုရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်တေး လှုံ့ဆော်ရေးယာဉ်သည် မြို့နယ်အတွင်း ရပ်ကွက်(၁၉)ရပ်ကွက်များသို့ လှည့်လည်၍ ဧည့်ခံဖျော်ဖြေကြသည်။ **(၁၆၂)**

ငပုတောမြို့နယ် ရဲတပ်ဖွဲ့စခန်း မြို့နယ်မှူးရုံးခန်းမတွင် နိုင်ငံသားအရည်အချင်းပြည့်မီသူ ရဲတပ်ဖွဲ့ဝင် မိသားစုများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဒီဇင်ဘာ ၅ ရက်က ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးကံကောင်းက မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ညွှန့်သာထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

မြတ်ဆရာ၏ ကျင့်ဝတ်သိက္ခာဆွေးနွေး

ကျောက်ပန်းတောင်း ဇန်နဝါရီ ၂

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ပညာရေးမှူးရုံးက ဦးဆောင်၍ ပညာရေးမြှင့်တင်မှုအစီအစဉ်နှင့် ဆရာများ၏ အခန်းကဏ္ဍ မြတ်ဆရာ၏ ကျင့်ဝတ်သိက္ခာ ဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၉ ရက်မှ ၂၈ ရက်အထိ ပညာရေးမှူးရုံး အစည်းအဝေးခန်းတွင် ကျင်းပသည်။

တက်ရောက်

ဆွေးနွေးပွဲသို့ မြို့နယ်ပညာရေးမှူးနှင့် လက်ထောက်ပညာရေးမှူးများ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီး များနှင့် မူလတန်းပြဆရာ ဆရာမများ စုစုပေါင်း ၅၀ ကျော် တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(ဝ၆၁)**

ဝိနယဝိဒူဘွဲ့ရ အရှင်သူမြတ်အား ဂုဏပူဇာသဘင်ပွဲကျင်းပ

ဘိုကလေး ဇန်နဝါရီ ၅

ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ၁၃၆၅ ခု နိကာယ်ငါးရပ် ပါဠိတော် စာမေးပွဲကြီးတွင် ဘိုကလေးမြို့နယ် စာဖြေဌာနမှ အောင်မြင်တော်မူသော ဝိနယဝိဒူဘွဲ့တံဆိပ်တော်ရ အရှင်ဝိစိတ္တသာရ အရှင်သူမြတ်အား ဂုဏပူဇာသဘင်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ရက် ည၇နာရီက မြို့မဆွမ်းလောင်းအသင်း မြို့လယ်ဓမ္မာရုံ သာသနာ့ဗိမာန်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ဘုရားကန်တော့ဖွင့်လှစ်ကာ ဇေယျ မေဒနီကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဉာဏဝံသ ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး မြစိမ်းရောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသံဝရ သိရီထံမှ အနုမောဒနာတရားနာကြားကာ လှူဖွယ်ဝတ္ထု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်က သာသနာရေးဆိုင်ရာ ကိစ္စရပ်များအား လျှောက်ထားပြီး မြို့မဆွမ်းလောင်းအသင်းဥက္ကဋ္ဌ ဦးအောင်ညွန့်က ဝိနယဝိဒူဘွဲ့တံဆိပ်ရ အရှင်ဝိစိတ္တသာရ၏ ထေရုပ္ပတ္တိအကျဉ်းအား ဖတ်ကြားလျှောက်ထားကာ မြို့မဆွမ်းလောင်းအသင်း အမှုဆောင်ဒေါ်ကြင်နုက ဘွဲ့ရဆရာတော်အား ရတုပိုဒ်စုံဖြင့် သီဆိုပူဇော်သည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဘွဲ့ရဆရာတော်အားဘွဲ့တံဆိပ်၊အောင်လက်မှတ်နှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

(အပေါ်ယာပုံ)

(မြို့နယ် ပြန်/ဆက်)

မော်လမြိုင်မြို့ ကျိုက်သလ္လံစေတီတော်မြတ်၏ ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်ရန်အတွက် ဇန်နဝါရီ ၇ရက်က ဘုရားရင်ပြင်ပေါ်တွင် အလှူငွေ ပေးအပ်ပွဲကျင်းပရာ အလှူရှင်မန္တလေးနီလှိုင် မိသားစုက ဆလိုက်မီးကြီး တစ်လုံးအတွက် ငွေကျပ် ၃၈၀၀၀၀ ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဘဏ္ဍာရေးမှူးဦးခင်မောင်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (၁၆၈)

နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်

ကြို့ပင်ကောက် ဇန်နဝါရီ ၁၅

ပဲခူးတိုင်း (အနောက်ပိုင်း) ကြို့ပင်ကောက်မြို့ ဇောဓိရိပ်သာကျောင်း၏ ပဓာနနာယက ပြည်တွင်းပြည်ပသာသနာပြု(အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တသောနက ဆရာတော်က ၁၃၆၆ခု ပြာသိုလဆန်း ၁၀ရက်နေ့မှ ပြာသိုလပြည့်ကျော် ၈ရက်အထိ မိုးညိုမြို့နယ်အတွင်း၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြား မည်ဖြစ်ရာ ပြာသိုလဆန်း ၁၀ရက်နှင့် ၁၁ရက်တွင် စွယ်တော်မြတ်၊ ပြာသိုလဆန်း ၁၁ရက်နှင့်၁၂ရက်တွင် အောင်ဆုပန်၊ ပြာသိုလဆန်း ၁၂ရက်နှင့် ၁၃ရက်တွင် မဟာသုမင်္ဂလာသီဟကြေးသွန်းဘုရား၊ ပြာသိုလဆန်း၁၃ရက်နှင့် ၁၄ရက်တွင် သိမ်ကုန်းမဟာစည်သာသနာ့ရိပ်သာ၊ ပြာသိုလဆန်း ၁၄ရက်နှင့် ၁၅ရက်တွင် ဇီးပင် ဓမ္မပါလကျောင်း၊ ပြာသိုလဆန်း၁၅ရက်နှင့် ပြာသိုလပြည့်ကျော်၁ရက်တွင် အင်းဇလွဲ သာသနာ့ဇောတိကာရုံကျောင်း၊ ပြာသိုလပြည့်ကျော်၁ရက်နှင့် ၂ရက်တွင် ကနစိုးသာသနာ့အောင်လံကျောင်း၊ ပြာသိုလပြည့်ကျော် ၂ရက်နှင့် ၃ရက်တွင် ပဒေသာကျွန်း (သာသနာ့ဇောတိပါလကျောင်း၊ ပြာသိုလပြည့်ကျော် ၃ရက်နှင့် ၄ရက်တွင် ရေကင်းမြို့ သာသနာ့နုဂ္ဂဟကျောင်း၊ ပြာသိုလပြည့်ကျော်၄ရက်နှင့် ၅ရက်တွင် မင်းကြီးလောကဇေယျာ၊ လောကမှန်ကူ ဓမ္မာရုံကျောင်း၊ ပြာသိုလပြည့်ကျော်၅ရက်နှင့် ၆ရက်တွင် သံပုရာခုံ သုခိတာ ရုံကျောင်း၊ ပြာသို လပြည့်ကျော်၆ရက်နှင့် ၇ရက်တွင် ပတ္တော်ဆေးရုံ၊ ပြာသိုလပြည့် ၇ရက်နှင့် ၈ရက်တို့တွင် သက်ကယ်တန်း သာသနာ့မဟာဇေယျ မဟာစည်ရိပ်သာတို့တွင် ထေရဝါဒ ဗုဒ္ဓအဆုံးအမတရားတော်များ ဟောကြား မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေး နှစ် ပေါက် ခေါင်း မြို့ ကျေးလက်ရေ ရရှိရေးအတွက် ကျေးရွာ ကိုးရွာတွင် တစ် လက် မ ခွဲ တွင်း တိမ်တူးဖော်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးကြည်စိုးကြည့်ရှုစစ်ဆေးစဉ်။

(အဆိုပါ တွင်းတိမ် တူးဖော်ခြင်းနှင့် လက်နှိပ်ပန့် တပ်ဆင်ခြင်းလုပ်ငန်းများကို ငွေကျပ် ၆၈၀၀၀၀ အကုန်အကျခံ၍ တူးဖော်ပေးခဲ့ကြောင်း သိရသည်။) (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ဒီဇင်ဘာ ၁၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်စန္ဒာအေး ဦးဆောင်၍ ရေကြည်မြို့ အောင်ဆန်းရပ်ကွက် (၇)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးစိန်မှန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသက်နိုင်သိန်းတို့ ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ဂုဏ်ပြု ကျပန်းစကားပြောပြိုင်ပွဲ၊ဆုချီးမြှင့်

ချောက် ဇန်နဝါရီ ၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ဒီဇင်ဘာ၁ရက် နံနက်၉နာရီက ချောက်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကျပန်းစကားပြော ပြိုင်ပွဲတွင် အထက်တန်းလေးကျောင်းနှင့် အလယ်တန်းကျောင်းလေးကျောင်းမှ ပြိုင်ပွဲဝင်ကျောင်းသား ၁၂ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရသူများကို တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ကြသည်။

ပေးအပ်

အခမ်းအနားတွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသို့ မြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ရေးအသင်းက အလှူငွေကျပ် ၃၀၀၀၀ကို အသင်းဥက္ကဋ္ဌ ဦးဘိုကပေးအပ်ရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးနေရှင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

တိုက်ကြီးမြို့နယ် အမှတ်(၇) အခြေခံပညာ မူလတန်း လွန်ကျောင်း ၏ ပညာရေး စုံညီပွဲ တော် နှင့် ထူးချွန်ဆု ချီးမြှင့်ပွဲကို ဇန်နဝါရီ ၆ရက်က ကျင်းပရာ ကျောင်း အုပ်ဆ ရာ ကြီး ဦးသိန်းထွန်းက လေးနှစ်ဆက်တိုက် ပထမဆုရ တတိယတန်းမှ မဇော်မာလာပိုအား ဆုချီးမြှင့်စဉ်။ (က-ပ)

မြန်မာ့အသံ

၁၉-၁-၂၀၀၅

(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ရတနသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (ရှမ်းပြည်နယ်တောင်ပိုင်း၊ ကျောက်တလုံးကြီးမြို့နယ်နှင့် စိုက်ပျိုးရေးလုပ်ငန်း)

၁၂:၀၀ မြန်မာ့အနုသဘင် (ဆရာကြီးဦးဂုဏ်ဘဏ်)

၁၂:၃၀ သူ့အတွေးနှင့်သူ့အရေး (စိတ်နှင့်ကိုယ်-မေတ္တာဦး)

၁၃:၁၀ ယဉ်ကျေးမှုအနုပညာ (နန်းတွင်းအားကစား ကူလီသဘင်)

ညနေပိုင်း

၁၇:၁၅ ဆွေးနွေးခန်း (မြစ်ကြီးနားမြို့ အမှတ်(၁)ဈေးမှ မခင်စိန်က ချင်းရိုးရာအထည်လုပ်ငန်းအကြောင်း)

၁၇:၃၀ အစာနှင့်အာဟာရ(တီကေ့)

၁၇:၄၅ သူ့လက်သံလက်စွမ်းပြ (ရောဝတီတိုင်းမှ ဦးညီညီအောင်၏ စောင်းလက်သံ)

၁၈:၁၅ ဆွေးနွေးခန်း(ဖျာပုံတံတား)

၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ (၁)ပစ္စေကဗုဒ္ဓါ(သာမဏေကျော်) (၂)အိုဘယ့်ရာဇကုမာရ် သားကောင်းရတနာ (တက္ကသိုလ်စိန်တင်)

၁၉:၁၅ သီချင်းကြီးတူရိယာအဖွဲ့

၂၀:၃၀ မေတ္တာလက်ဆောင်ရတေးစီးရီး (IMPG တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သော မြူနှင်းပွင့်၏ ချစ်နေလို့ပါ တေးစီးရီး)

နမ့်ဆန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဗိုလ်တာရာလမ်း ကတ္တရာ ထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ၁၂ရက်က အမှုဆောင်အရာရှိ ဦးထွန်းအောင်ကျော်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးခင်ဇော်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

သန်လျင်မြို့နယ် စည်ပင်သာယာ ရေး အဖွဲ့ဝန် ထမ်း များ ဒီဇင်ဘာ ၁၈ရက်က သန်လျင်မြို့နယ် နန်းဟောဝန်ပန်းခြံ အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဌာနအလိုက် အားသာချက်၊အားနည်းချက်များပြန်လည်သုံးသပ် ရထားပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း

ရန်ကုန် ဇန်နဝါရီ ၁၇

ရထားပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အစည်းအဝေးသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်၊ ဦးဖေသန်းနှင့်သက်ဆိုင်ရာ ဌာနအကြီးအကဲများ၊ ပြည်နယ်၊ တိုင်းအရာရှိများ တက်ရောက်ကြသည်။

ဖြည့်ဆည်းဆောင်ရွက်

အစည်းအဝေးတွင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက မိမိဌာနအလိုက်၏ အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး လုပ်ငန်းများ အရှိန်မြှင့်တင်ရေး ညှိနှိုင်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဌာနအလိုက် လုပ်ငန်းများကို *စာမျက်နှာ ၇ ကော်လံ ၁* ●

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၇

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းလုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် သဘာပတိအဖြစ် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဗိုလ်မှူးသန်းဌေးက ဆောင်ရွက်သည်။

အဖွင့်အမှာစကားပြောကြား

ရှေးဦးစွာ သဘာပတိ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အဖွင့်အမှာစကားပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ ■

ဇန်နဝါရီ ၁၆ ရက်က ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း သာကေတဆိပ်ခံတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်း-၇) (ပို့ဆောင်ရေး)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

စနေဂြိုဟ်၏တိုင်တန်လအပေါ် အာကာသယာဉ်ငယ်ဆင်းသက်



စနေဂြိုဟ်၏ အကြီးမားဆုံး အ ရန် ဂြိုဟ်တစ်ခုဖြစ်သော တိုင် တန် လ မျက်နှာပြင်သို့ အာကာသလေ့လာရေး ယာဉ်ငယ်ဆင်းသက်နေစဉ်။**(ယာပုံ)**

ဥရောပအာကာသအေဂျင်စီက လွှတ်တင်ထားသော စနေဂြိုဟ်လေ့လာရေး ယာဉ်ဟိုက်ဂျင်းသည် ယခုအခါ တိုင်တန်လ၏ မျက်နှာပြင်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ပြီဖြစ်ရာ မကြာမီရက်အတွင်း တိုင်တန်လ၏ မျက်နှာပြင်ဖွဲ့စည်းမှုနှင့် ထူးခြားမှုများကို မြေပြင်စခန်းသို့ ပေးပို့နိုင်တော့မည်ဖြစ်သည်။ **(အမ်အင်အေ၊အေပီ)**

အာကာသတွင်းနက်နှင့် ကြယ်အစိတ်အပိုင်း

အာကာသတွင်ဖြစ်ပေါ်နေသော တွင်းနက်တစ်ခုနှင့် ကြယ်တာရာတစ်ခု၏ အစိတ်အပိုင်းကို တွေ့ရစဉ်။ **(အောက်ပုံ)**

အာကာသလေ့လာရေးယာဉ်မှ ရိုက်ကူးထားသော ဓာတ်ပုံများအရ အာကာသ၌ တွင်းနက်များဖြစ်ပေါ်လျက်ရှိပြီး အချို့ကြယ်တာရာများသည် အဆိုပါအာကာသတွင်းနက်များကို ဝိုင်း၍လှည့်ပတ်လျက်ရှိကြောင်း၊ ၎င်းလှည့်ပတ်လျက်ရှိသော ကြယ်တာရာများ၊ အာကာသတွင်းနက်များနှင့် ပတ်သက်၍ နက္ခတ္တဗေဒပညာရှင်များက သိရှိနိုင်ရန် လေ့လာဆွေးနွေးလျက်ရှိကြောင်း သိရသည်။ **(အေအက်ဖ်ပီ)**



ရွှေရောင်တောက်ပနေသည့် မြန်မာ့မြားပစ်အားကစား

သတင်းဆောင်းပါးနှင့်ဓာတ်ပုံမှတ်တမ်း - သောင်းဝင်းဗိုလ်

ရန်ကုန် ဇန်နဝါရီ ၁၇

မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ကို ၁၉၉၅ ခုနှစ်တွင် ဒေါက်တာခင်ရွှေ ဦးဆောင်၍ ဖွဲ့စည်းတည်ထောင်ခဲ့သည်။ သက်တမ်းနှစ်နှစ်အကြာတွင် ၁၉၉၇ ခုနှစ် (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဂျကာတာ)၌ ဒုတိယငွေတံဆိပ်ဆုကို ဆွတ်ခူးခဲ့သည်။ ထိုစဉ်က ဒုတိယငွေတံဆိပ်ရရှိခြင်းမှာ ပြိုင်ဘက်အသင်းနှင့် အမှတ်တူညီနေ၍ ပယ်နယ်တီအဖြစ် မြားတစ်ချောင်းစီပစ်ရာမှ နှစ်မှတ်ကပ်ရှုံးပြီး ရွှေတံဆိပ်နှင့် လွဲခဲ့ရခြင်းဖြစ်သည်။

ထိုက်ထိုက်တန်တန်ရရှိ

မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်၏ လက်ရွေးစင်မြန်မာမြားပစ် အားကစားမောင်မယ်များသည် မြားပစ်အားကစားဖြင့် နိုင်ငံတော်၏သိက္ခာကို မြှင့်တင်နိုင်ရမည်ဟူသော ဆောင်ပုဒ်ကို စွဲကိုင်လျက် စဉ်ဆက်မပြတ် ကြိုးပမ်းခဲ့ကြရာ ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၉ ရက်မှ ၁၆ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ကျင်းပပြီးစီးခဲ့သော တတိယအကြိမ် အာရှပတ်လည် ကမ္ဘာ့အဆင့်သတ်မှတ်ရေးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ထူးထူးခြားခြား ထိုက်ထိုက်တန်တန် ရွှေတံဆိပ် ခုနစ်ခု၊ငွေတံဆိပ်ခြောက်ခု၊ ကြေးတံဆိပ် သုံးခု စုစုပေါင်း ဆုတံဆိပ် ၁၆ ခုဖြင့် နိုင်ငံအလိုက် ပထမရရှိခဲ့ကြသည်။ *စာမျက်နှာ ၁၃ ကော်လံ ၁* ✡

ပထမအကြိမ် အရှေ့တောင်အာရှတံခွန်စိုက် မြားပစ်ပြိုင်ပွဲတွင် နိုင်ငံအတွက် ရွှေတံဆိပ်လေးခုကို ရယူပေးသည့် မျိုးဆက်သစ် မြားပစ်အားကစားမယ် ယုနန္ဒာထိုက်အား အကောင်းဆုံးထူးချွန်ဆုယူအပြီး ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-သောင်းဝင်းဗိုလ်